စိတ်ကူးချိုချိုအနုပညာ

# ဒေါ်ရိကြိန်
# မြန်မာ့သားကောင်း

ဆရာကြီးရွှေဥဒေါင်းဥယျောဇဉ်ရေးခဲ့သည်။

တတိယအကြိမ်

စိတ်ကူးချိုချိုအနုပညာ
၂၉(က)၊ ၁၆၄ လမ်း၊ တာမွေ
ရန်ကုန်မြို့။ ဖုန်း–၅၄၆၆၈၄၅၊ ၅၄၈၂၀၈

မြန်မာ့သားကောင်း ဒေါ်ရိုကြိုင်
စာမျက်နှာ ၆၅ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၁ ရန်အောင်စာပေ၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့သားကောင်း
## ဒေါ်ရီရီကြိုန်

တတိယအကြိမ်၊ ၂၀၁၈

## မာတိကာ

■ စာရေးသူ၏ အမှာ [ က ]
■ စာရေးသူ၏ ဒုတိယအကြိမ်ထုတ်ဝေခြင်း အမှာ [ ခ ]
■ ရွှေဥဒေါင်း၏ ဥယျောဇဉ် [ ဃ ]

၁။ ယောက်ျား ၁
၂။ ကိုယ်–စိတ်နှစ်ဖြာ ကျန်းမာရေး ၃
၃။ သားတို့ကျင့်ဖွယ် ၆
၄။ အမျိုးသားပညာရေး ၈
၅။ ရည်ရွယ်ချက် ၁၂
၆။ လောကဓာတ်ပညာ ၁၅
၇။ လောကဓာတ်နှင့် အိပ်ရာ ၁၈
၈။ သကြား ဘာကြောင့်ချိုသလဲ ၂၀
၉။ ခွေးကလေးသဘာဝ ၂၂
၁၀။ မျက်ရည်နှင့် ချွေး ၂၄
၁၁။ မိုးရေ ၂၆
၁၂။ မိုးရိပ်နှင့် အကိုက်အခဲ ၂၈
၁၃။ သံနှင့် သစ်သား ၃၀
၁၄။ ကြွေပန်းကန်နှင့် လောကဓာတ် ၃၂
၁၅။ သစ်ပင် ၃၄
၁၆။ ပန်းမာလာနှင့် ပျားပိတုန်း လိပ်ပြာများ ၃၇

| | | |
|---|---|---|
| ၁၇။ | နေ–လ ကြယ်တာရာ နက္ခတ် | ၃၉ |
| ၁၈။ | လောကဓာတ်နှင့် ပေါင်းသင်းဆက်ဆံရေး | ၄၁ |
| ၁၉။ | တာဝန် | ၄၃ |
| ၂၀။ | မရှိခြင်းထက် မသိခြင်းခက် | ၄၅ |
| ၂၁။ | လူကောင်းနှင့် လူတော် | ၄၇ |
| ၂၂။ | လက်တွေ့ | ၅၀ |
| ၂၃။ | ရန်ငြိုးနှင့် တံစိုး | ၅၃ |
| ၂၄။ | မိန်းမ | ၅၆ |
| ၂၅။ | အမျိုးသမီးပြုပြင်ရေး | ၅၉ |
| ၂၆။ | ယဉ်ကျေးမှု | ၆၂ |
| ၂၇။ | ဆုတောင်း | ၆၅ |


❒

# စာရေးသူ၏အမှာ

ကျွန်မသည် "သားကောင်းမိခင်" စာအုပ်နှစ်တွဲကို ညီမငယ်ကလေးများအဖို့ ရည်ရွယ်၍ ရေးသားထုတ်ဝေလိုက်ရာ ခင်မင်ရင်းနှီးကြသော မောင်ငယ်များက "အစ်မကြီး ကျွန်တော်တို့အတွက်တော့ ဘာမှ မရေးတော့ဘူးလား" ဟု အချို့က စာဖြင့် ရေးပို့ကြသည်။ အချို့က လူကိုယ်တိုင် ပြောလာ မေးလာကြသည်။ သူတို့ မရေးမီကပင် ကျွန်မ စဉ်းစားမိပါ၏။ အမျိုးသမီးများ မည်မျှပင် လိမ္မာရေးခြားရှိစေ၊ လူမှုရေးရာကို နားလည်နေသည်ဖြစ်စေ အမျိုးသားများက ၎င်းတို့ ထားအပ်သောတရားကို မစောင့်စည်းကြပါက မိခင်ကောင်း၊ သမီးကောင်း၊ နှမကောင်းဖြစ်အောင် ကြိုးစားကြရကျိုးနပ်အောင် ခံစားရမည်မဟုတ်ချေ။ မြန်မာနိုင်ငံတွင် အမျိုးသမီးကောင်း၊ မိခင်ကောင်းများ လိုသလောက် မြန်မာ့သားကောင်းများလည်း လိုပေသေး၏။ မိခင်ကောင်းသည် နောင်တစ်ခေတ်တွင်သာ သားကောင်းများ ဖန်တီးနိုင်မည်။ ယခုခေတ်ကာလ အမျိုးသားများက အကျင့်ပျက်ပြားနေပါမူ အမျိုးသမီးများ ကြိုးစားသမျှသည် လှည်းကြီးကို တစ်ဘီးတည်းနှင့် လိမ့်နေသကဲ့သို့ အကျိုးမထင်ရှိစေမည်ကား မလွဲဖြစ်၏။ သို့အတွက် 'မြန်မာ့သားကောင်း'ဟူသော အမည်ဖြင့်ရေးရန် ရည်ရွယ်ရင်းရှိသည်တွင် မောင်ငယ်များကလည်း လိုလားတောင့်တအပ်သည်ဖြစ်၍ ယခုရေးသားထုတ်ဝေလိုက်ရပေသည်။ ထိုသို့ ရေးသားရာတွင် အသက် ၁၂ နှစ်မှ ၂၆ နှစ်ထိ မောင်ငယ်ကလေးများနှင့် သင့်တော်ရုံကိုသာ ရည်ရွယ်ရေးသားမည်ဖြစ်ပါကြောင်း။ ။

ဒေါ်ရီကြိန်

## စာရေးသူ၏
## ဒုတိယအကြိမ်ထုတ်ဝေခြင်း အမှာ

၌ 'မြန်မာ့သားကောင်း' စာအုပ် ရေးသားထုတ်ဝေခဲ့သည်မှာ နှစ်ပေါင်း ငါးဆယ်ကျော် ကြာခဲ့ပါပြီ။ ကျွန်မသည် စာရေးဝါသနာပါသူဖြစ်သော်လည်း ခေတ်အလျောက် ဝေဖန်စာများ ရေးတတ်သူမဟုတ်ပါ။ တစ်သက်တာ အသုံးဝင်မည့် စာများသာ ရေးသားလေ့ရှိပါသည်။ ကျွန်မ၏ ပထမဦးဆုံး "သားကောင်းမိခင်" မှာ ညီမလေးလိုချစ်ခင်ရသော အာရှလူငယ်အမျိုးသမီး ရေကြည်မြို့က (ခင်မြင့်မြင့်) က ကျွန်မ ရေကြည်မြို့သို့ လူငယ်စည်းရုံးရေးသွားရောက်စဉ် ကျွန်မအား ဗလာစာအုပ်လေးတစ်အုပ်ပေး၍ စာအုပ်ထဲမှာ "မြင့် မှတ်သားဖို့ မမ ရေးချင်တာရေးပြီးမှ ပြန်ပေးပါ" ဟု မေတ္တာရပ်ခံ၍ စာအုပ်ပေးလိုက်ပါသည်။

'မြင့်', ယခု ပါမောက္ခဦးသာထို၊ စီးပွားရေးတက္ကသိုလ်၏ဇနီးမှာ ကျွန်မကို စာရေးဆရာတစ်ဦးဖြစ်အောင် ဆွဲဆောင်တွန်းအားပေးခဲ့သူဖြစ်ကြောင်း ဖော်ပြရပါမည်။ 'သားကောင်းမိခင်' စာအုပ်ရေးပြီး အာရှလူငယ်ရန်ပုံငွေအဖြစ် ရိုက်နှိပ်ထုတ်ဝေရန် လှူဒါန်းခဲ့ပါသည်။ ထိုစာအုပ်ထွက်ပြီး တူသားမောင်ငယ်ကလေးတွေက ကျွန်တော်တို့ဖို့ ရေးပါဦးဆို၍ ရေးသားထုတ်ဝေခဲ့ခြင်းလည်း ဖြစ်ပါသည်။ ကျွန်မသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ဖတ်ရှုရန်မဟုတ်ဘဲ သားငယ်ကလေးတွေမှန်သမျှ "မြန်မာ့သားကောင်း" အဖြစ် တိုင်းကျိုးပြည်ကျိုးအတွက် ဆောင်ရွက်နိုင်သူ၊ ဆောင်ရွက်ချင်သော စိတ်ဆန္ဒပြင်းပြသူများ ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ကျွန်မ မူလရေးသား

စဉ်က "ဗမာ့သားကောင်း" ယခု "မြန်မာ့သားကောင်း" ဟု ပြင်ဆင်ထုတ်ဝေသော စာအုပ်သော်လည်းကောင်း၊ 'သားကောင်းမိခင်' စာအုပ်သော်လည်းကောင်း တစ်အုပ်တလေမျှ စုဆောင်းထားမှု မရှိတော့ပါ။ ဘဝမုန်တိုင်းထန်လေတိုင်း ဟိုရွှေ့သည်ပြောင်း နေထိုင်ခဲ့ရပေရာ ထင်းရှူးသေတ္တာကြီးတစ်လုံးနှင့် စုထားသော ကျွန်မ၏ ရတနာစာအုပ်များသည် ခြများ၏ အာဟာရ ဖြစ်သွားပါသည်။

ယခု ရန်အောင်စာပေမှ စာရေးဆရာ တိုးထက်အမည်ခံ ကိုလှတိုးက ဤ လက်ကျန်စာအုပ်ကလေး ရှာဖွေပေးလာသဖြင့် ပြန်လည်ရိုက်ခွင့်ရပါသည်။ ကိုလှတိုး၏ ကျေးဇူး ကြီးပါသည်။

ကိုလှတိုးသည် သူစိမ်းပြင်ပြင် မဟုတ်ပါ။ ကျွန်မ ခင်မင်လေးစားရသော တစ်ဌာနတည်း လုပ်ကိုင်ခဲ့ဖူးသော စာပေဗိမာန် ဆရာဦးအေးမောင်၏ သား၊ ကျွန်မတို့ လေးစားရသော ဆရာကြီးဦးရန်အောင်၏ သားသမက်ဖြစ်ရကား သူ့အား ပိုမိုခင်မင်ယုံကြည်ဖို့ အကြောင်းခိုင်လုံ၍ ဤစာအုပ် ဒုတိယအကြိမ် ထုတ်ဝေရေးကို လွှဲအပ်လိုက်ပါသည်။

ဤမြန်မာ့သားကောင်းကို ဖတ်ရှုကြရသူ လူငယ်လူရွယ်တိုင်း တိုင်းကျိုးပြည်ကျိုးအတွက် လုပ်ငန်းများကို ဆောင်ရွက်နိုင်သော မြန်မာ့သားကောင်းရတနာများ ဖြစ်ကြပါစေ။ ။

ဒေါ်ရီကြိန်
[ ၂-၄-၂၀၀၀ ]

## ရွှေဥဒေါင်း၏ ဥဒယျောဇဉ်

ရောဂါပျောက်ကင်းစေသော ဆေးဝါးတို့မည်သည် ခါးသောအရသာ ရှိတတ်သည်ဖြစ်၍ သကြားဖြင့် ဖုံးအုပ်ထားရန် လိုအပ်သည့်နည်းတူ လိမ္မာရေးခြားရှိမှုအတွက် ညွှန်ကြားဆုံးမရသော သြဝါဒစကားတို့ မည်သည်မှာလည်း ကြားရသောသူတို့၏နား၌ ပျင်းရိဖွယ်ကောင်း သဖြင့် ခါးသောအရသာရှိသည်ဟု ဆိုရပေမည်။ သို့ရာတွင် ဤစာအုပ် ငယ်၌ ဖော်ပြပါရှိသော ဆုံးမသြဝါဒစကားများမှာ အလွန်တရာ အလိုလိုက်၍ အလိုက်သိတတ်သော အစ်မကြီးတစ်ယောက်သည် ချစ်လှစွာသော မောင်ကလေးအား ချော့မော့ဖျောင်းဖျ၍ သိမ်မွေ့သာ ယာ လွန်စွာနားဝင်ချိုစေသော စကားလုံးတို့ဖြင့် ရွေးချယ်သုံးနှုန်းထား သည်ဖြစ်သောကြောင့် သကြားဖုံးသော ဆေးလုံးပမာကဲ့သို့ သောက် သုံးသူတို့သည် မလိုက်နာဘဲမနေချင်အောင် ရှိနေပေတော့သည်။ ဤ စာအုပ်ကို ဝယ်ယူဖတ်ရှုသော လူငယ်များမှာ ခေတ်မီ၍ အမြင်ကျယ် သော အစ်မကောင်းတစ်ယောက် ရရှိထားဘိသကဲ့သို့ မိမိတို့၏ တစ် သက်တာ၌ ကြုံတွေ့ရသည့် ခဲရာခဲဆစ်တို့ကို တိုင်ပင်နှီးနှောသမှု ပြုနိုင်ခွင့်ရှိကြပေသည်။

"လူတော်နှင့်လူကောင်း" အခန်းတွင်ဖော်ပြပါရှိသည့်အတိုင်း လူတို့မည်သည် လူတော်ဖြစ်ရုံနှင့် မလုံလောက်ဘဲ လူကောင်းဖြစ်စေမှု အတွက်ကိုလည်း အမြဲရည်ရွယ်ထားကြရမည်ဖြစ်ရာ စာအုပ်တွင် ပါရှိ သော သြဝါဒများသည်ကား "တော်"မှုရော "ကောင်း"စေမှုပါ စွယ်စုံ ရည်မှန်းထားသည့်ပြင် ၎င်းအတိုင်း လိုက်နာခြင်းအားဖြင့် လောကီရော သံသရာပါ နှစ်ဖြာသောအကျိုးကို ပြီးစီးစေလိမ့်မည်ဟူ၍ ရဲဝံ့စွာ ထောက်ခံချီးကျူးလိုက်ရပါ သတည်း။ ။

ရွှေဥဒေါင်း

[၁]

# ယောကျ်ား

မောင်လေးတို့ ...

အစ်မကြီး မောင်လေးတို့အဖို့ ဘာမှမရေးမီ စိတ်ထဲမှာ အမြဲကိန်းအောင်းနေတဲ့ ဆန္ဒကလေးတစ်ခုကို ထုတ်ဖော်ရေးသားချင်သေးတယ်။ အစ်မကြီးဟာ အသက်နှစ်ဆယ်လောက်အထိ "မိန်းမ" ဖြစ်ရတဲ့ဘဝကို မမုန်းတီးခဲ့ဘူး။ အလွန်လှချင်၊ ပချင်၊ သိချင်၊ တတ်ချင်တဲ့စိတ်တွေကလည်း ထက်သန်ပြီး "ငါကြိုးစားရင် ယောကျ်ားတွေနှင့် တန်းတူဖြစ်နိုင်တယ်၊ ယောကျ်ားနှင့်မိန်းမဟာ အမည်ပညတ်သာခြားပေမဲ့လို့ အရည်အချင်းမှာ တူနိုင်တယ်" လို့ပဲ ယူဆပြီး မိန်းမဖြစ်ရခြင်းကို ဘာမှ နောင်တမရမိခဲ့ဘူး။ အသက် ၂၀ ကျော်လွန်လာတော့ အစ်မကြီးရဲ့ ရည်ရွယ်ချက်လုပ်ငန်းတွေဟာ ဘာတစ်ခုမျှ မအောင်မြင်ခဲ့ဘူး။ အစ်မကြီးတို့ကို ပြုစုစောင့်ရှောက်ကျွေးမွေးတဲ့ မွေးသဖခင်နှင့် နောင်တော်ကြီးများ အနိစ္စရောက်သွားတော့ အစ်မကြီးတို့ ညီအစ်မတစ်စုဟာ လောကရေးရာကိစ္စတွေကို ရှေ့ကနေပြီး ခုခံတွန်းလှန်ခြင်း၊ ထမ်းဆောင်ခြင်း ပြုရတယ်။ အဲဒီလို ဆောင်ရွက်ရတဲ့အခါကျမှ အစ်မကြီးကိုယ်တိုင်ပဲ (မိန်းမသည်မိန်းမ) (ယောကျ်ားသည်ယောကျ်ား) ဆိုတာကို သဘောပေါက်နားလည်ပြီး မိန်းမဖြစ်ရခြင်းကို စက်ဆုပ်မိတယ်။ ယောကျ်ားတာဝန်တွေကို ယောကျ်ားများဆောင်ရွက်မှ ခရီးတွင် ကျယ်အရာရောက်တယ်ဆိုတာကို နားလည်မိတယ်။ ခေါင်းတစ်လုံးတည်းနှင့် ရေအိုးနှစ်လုံးရွက်ဖို့ကိစ္စဟာ မလွယ်ဘူး။ ဘာကြောင့်လဲဆိုတော့ ယောကျ်ားနဲ့ထိုက်တန်တဲ့ ကိစ္စတွေကို ကိုယ်က စွမ်းရည်သတ္တိရှိလို့ ဝင်ရောက်ဆောင်ရွက်နေရပေမဲ့ မိန်းမ များသာလုပ်ကိုင်မှပြီးမယ့် တာဝန်တွေကလည်း လွှဲဖယ်သွားလို့ မရဘူး၊ တာဝန်နှစ်မျိုး ထမ်းဆောင်ရတော့ ခြေကုန်လက်ပန်းဖြစ်ပြီး ယောကျ်ားဘဝကို အစ်မကြီးဟာ ပင်ပန်းတိုင်း တောင့်တမိတယ်။ အရေးကြီးလေလေ မိန်းမဟာ မိန်းမပဲဆို

တာ သိသာလေလေပဲ။

**မောင်လေး**– မြန်မာနိုင်ငံသူ နိုင်ငံသားတွေနေတဲ့ တို့မြန်မာပြည်ကြီးဟာလည်း မိသားတစ်စုနေထိုင်တဲ့ အိမ်ထောင်ကြီးတစ်ခုပဲ။ သမီးတွေက နောက်ပိုင်းက တာဝန်တွေ ဆောင်ရွက်နေတဲ့အခါ သားတွေက အဖမြန်မာနိုင်ငံကြီး ကြီးကျယ်တိုးတက်စေဖို့ ရှေ့တန်းကနေပြီး ဆောင်ရွက်စရာတွေ အများကြီးရှိတာပေါ့။ မိန်းမဟာ မိန်းမပီသဖို့ လိုသလို ယောကျ်ားဟာလည်း ယောကျ်ားပီသရမယ်။ ယောကျ်ားကလေးတွေသာ ဝတ္တရားကျေပွန် ကြရင် အမျိုးသမီးကလေးတွေကလည်း သူတို့ဝတ္တရားကျေပွန်အောင် ကြိုးစားဖို့ အားရှိတာပေါ့။ မောင်လေးကို အစ်မကြီးက နိုင်ငံနှင့်ချီပြီး ပြောပေမဲ့လို့ အစ်မကြီးပြောမယ့် ကိစ္စကလေးဟာ စိတ်အားထက်သန်တဲ့ မောင်လေးတို့လူစု လျစ်လျူရှုပြီးထားမယ့် အချက်ကလေးတွေပါပဲ။ (ပျားတစ်စက်ကြောင့် ပြည်ပျက်) ဆိုတဲ့စကားလို အရေးမကြီး အမှတ်မထင် ဂရုမစိုက်ဘဲထားမိတဲ့ ကိစ္စကလေးတွေက ယနေ့ကလေးဖြစ်လို့ ကိစ္စမရှိသော်လည်း နက်ဖြန်လူကြီးဖြစ်တဲ့အခါ ချို့ယွင်းနေတတ်တယ်လို့ အစ်မကြီး ယူဆမိတယ်။ ဒါကြောင့် ဘယ်နိုင်ငံက ဘာပဲလုပ်နေလုပ်နေ၊ အစ်မကြီးတို့ မောင်လေးတို့ မြန်မာနိုင်ငံနှင့် သင့်တော်တာသာ အစ်မကြီးတို့လုပ်ရမယ်။ သူများလို စွမ်းဆောင်နိုင်အောင် အစ်မကြီးတို့က လိုနေတာကို ဖြည့်စွက်ပြုကျင့်ရမယ်။ ဒါတွေကို အဓိကထားပြီး အစ်မကြီးဖော်ပြဖို့သာ ရည်ရွယ်တယ်။

**မောင်လေး**–လူ့ဘဝဟာ အလွန်ရခဲတယ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားခဲ့တယ် မဟုတ်လား။ လောကုတ္တရာ မျက်စိနှင့်ကြည့်ရင် လူ့လောကကြီးဟာ ရေလမ်း၊ ကုန်းလမ်း၊ မီးရထား၊ သင်္ဘော၊ မော်တော်ကားနှင့် သွားလိုရာသွားနိုင်တဲ့ ခရီးလမ်းဆုံ ဘူတာရုံကြီးလို့ ဆိုကြပါစို့။ လူ့ဘုံမှာ လူဖြစ်လာလို့ ရုပ်ပြစ် (၈) ပါးနှင့် ကင်းတဲ့အေသမှာ ဝင်စားလာတယ် ဆိုရင် ဒီဘဝကနေပြီး ဘယ်ဘဝကူးမယ်ဆိုတာ ရည်စူးပြီး လူဖြစ်ကျိုးနပ်အောင် လုပ်ဆောင်ကျင့်သုံးနိုင်တာပဲ။ ရခဲတဲ့လူ့ဘဝကြီးကိုလည်းရတယ်။ ဖြစ်ခဲတဲ့ ယောကျ်ားဘဝမှာလည်း လာဖြစ်တယ်ဆိုရင် (မောင်လေး) တို့ထက် မြင့်မြတ်တာ မရှိတော့ဘူး။ အစ်မကြီးတို့ အမျိုးသမီးတွေဟာ သားကောင်းမိခင်သာ ဖြစ်နိုင်တယ်။ ကိုယ်တိုင်စွမ်းဆောင်ပြီး (လူထုရှေ့ကနေဖို့) ဆိုတော့ မောင်လေးတို့လောက် ကာယအင်အား၊ ဉာဏအင်အား မပြည့်စုံ မတင့်တယ်နိုင်ဘူးပေါ့။ ဒါကြောင့် ညီမလေးတွေကို အစ်မကြီးက (သားကောင်း–မိခင်) ဖြစ်ဖို့ တိုက်တွန်းခဲ့ပေတယ်လို့ မောင်လေးတို့ကို (သားကောင်း–ဖခင်) အဖြစ်ကို မတိုက်တွန်းဘူး။ အဖမြန်မာနိုင်ငံတော်ကြီးက အသေးဆုံးကစပြီး အကြီးဆုံးထိ နိုင်းချင်ရာရှိင်း ဝတ္တရားကို ကျေပွန်နိုင်မယ့် (မြန်မာ့သားကောင်း) အဖြစ်ကို ရောက်ရန်သာ အစ်မကြီး၏ ပြင်းပြတဲ့ဆန္ဒရှိတယ်ဆိုတာကို **မောင်လေးတို့ သိနှင့်စေချင်တော့သည်။** ။

[၂]

# ကိုယ်စိတ်နှစ်ဖြာကျန်းမာရေး

မောင်လေးတို့ ...
ကိုယ့်ကျင့်တရားတွေ၊ လူမှုရေးရာတွေနှင့် နောင်တစ်ခေတ်မှာ မောင်လေးတို့ တာဝန်တွေကို မဖော်ပြမီ အစ်မကြီး မောင်လေးတို့ ကျန်းမာရေးကို အစ်မကြီး ဆည်းပူးမိသမျှ ဗဟုသုတကို ဖောက်သည်ချပါရစေဦး။ အသက် ၁၁ နှစ်ဆိုရင် မောင်လေးတို့ဟာ လူပျိုဖော်ဝင်တော့မယ်လို့၊ ငယ်ငယ်က မကြီးထွားဘဲနေခဲ့တဲ့ သွေးကျိတ်ကလေးတွေကို သွေးသစ်လောင်းပြီး ကြီးထွားလာတတ်တဲ့အချိန်ပဲ။ အရပ်အမောင်းကလည်း ၁၁ နှစ်ကစပြီး ၁၅ နှစ်အချိန်ထိ အလွန်ကို အထွားမြန်လာတာပဲ။ အရပ်ထွက်လာတော့မယ်ဆိုတော့ ခြေတံလက်တံတွေက အရင်ရှည်ထွက်လာတော့ ခန္ဓာကိုယ်ကြီးဟာလည်း အချိုးမကျဘူး။ မောင်လေးကိုယ်တိုင် သွားလာတဲ့အခါမှာ လက်ကြီးကပဲ ရှည်နေသလိုလို၊ ဒူးပဲချောင်နေသလိုလို ကယောင်ကယင် ဖြစ်လာတတ်တယ်။ နှလုံးကလည်း ဒီအချိန်မှာ မွေးစထက် ၁၂ ဆလောက် ကြီးလာတော့ လမ်းမြန်မြန်သွားရင်ပဲ မောတတ်တယ်။ ဒီလိုလူပျိုဖော်ဝင်စ အပြောင်းအလဲ အချိန်ကလေးမှာ ဂရုမစိုက်ဘဲ တကယ့်လူပျိုကြီးတွေလို ကိုယ်ခန္ဓာအချိုးအစားကျအောင် ကြွက်သားတွေကို ထုတ်နိုင်အောင် ကာယဗလ အပူတပြင်း အပင်အပန်းခံပြီး မလေ့ကျင့်လေနှင့်။ နှလုံးရောဂါဖြစ်တတ်တယ်၊ ဒါကြောင့် မောင်လေးရဲ့ ကိုယ်လက်လှုပ်ရှားမှုဟာ မမောမပန်းရအောင် ဂရုစိုက်ပါ။

မောင်လေး ၁၇ နှစ်လောက်ရှိလာတော့ အရပ်ထွက်တာတော့ ခပ်မှန်မှန် ဖြစ်သွားလိမ့်မယ်။ ဒါပေမဲ့လို့ ကိုယ်လုံးဟာ ကြည့်ကောင်းအောင် တဖြည်းဖြည်း ထွားလာတဲ့အချိန်ပဲ။ ဒီအချိန်မှာ အသံ ယောကျ်ားပီသလာတဲ့အပြင် မုတ်ဆိတ်ကျင်ဆွယ်ကလေးများလည်း ပေါက်လာတတ်တယ်။ မောင်လေးဟာ ကာယဗလအားဖြင့် ယောကျ်ားပီသလာတဲ့

အချိန်ပေါ့။ ဒီအချိန်မှာ သွေးကြည်တစ်မျိုးလည်း ဆင်းသက်လာတတ်တယ်။ ဒါကြောင့် ကာယဗလ လေ့ကျင့်မပေးရင် အင်္ဂါကြီးရောင်တဲ့ ရောဂါတစ်မျိုး ရတတ်တယ်။

ခန္ဓာကိုယ် ပြောင်းလဲသလို စိတ်လည်း ပြောင်းလဲလာတတ်တာပဲ။ ရှက်တတ်လာတဲ့အပြင် ငယ်ငယ်ကထက် စိတ်တိုခြင်း၊ ဇီဇာကြောင်ခြင်း၊ အယုအယခံလိုခြင်း၊ သူတစ်ပါးကို လွှမ်းမိုးချင်တဲ့စိတ်၊ ကိုယ်ကသာ အနိုင်ယူလိုတဲ့စိတ်တွေဟာ တဖြည်းဖြည်း ပေါ်ပေါက်လာတတ်တယ်။ မောင်လေးတို့ကို ယခုလိုအရွယ်မှာ ဂရုစိုက်ဖို့ အထူးလိုတာပေါ့။ မိဘကတော့ ကလေးရယ်လို့ လျစ်လျူရှုထားရင်ထားမယ်။ ဒါပေမဲ့လို့ မောင်လေးတို့က ကိုယ်ခန္ဓာအပြောင်းအလဲမှာ နေထိုင်မကောင်းဘဲ တစ်ခုခုဖြစ်လာရင် မိခင်ဖခင်ကိုဖြစ်စေ၊ ဆရာဝန်တစ်ဦးဦးဆီမှာဖြစ်ဖြစ် တိုင်ပင်ပြီး ဆေးဝါးစားရမယ်။

မောင်လေးတို့ ကျန်းမာရေးအတွက် အနည်းဆုံးလုပ်နိုင်တာကတော့ အဝတ်ကို ချောင်ချောင်လည်လည်ဝတ်ပြီး ဝမ်းချုပ်မခံနှင့်။ အိပ်တဲ့အခါလည်း တစ်ယောက်တည်း အိပ်ပါ။ လေကောင်းလေသန့် ရပါစေ။ ဖတ်တဲ့စာအုပ်မှာလည်း အချစ်နှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားမှု ဖြစ်ပေါ်လာစေတဲ့ ညစ်ညမ်းတဲ့စာတွေကို မဖတ်မိအောင် ကြိုးစားပါ။ ရာဇဝင်၊ အတ္ထုပ္ပတ္တိနှင့် သုရာသတ္တိရှိစေနိုင်တဲ့စာတွေကို ဖတ်ပါ။

မိန်းမများနှင့်ဆိုရင် ငယ်ငယ်ကြီးကြီး လက်ပွန်းတတီး အသားချင်းထိအောင် မနေပါနှင့်။ စိတ်ပြောင်းလဲစချိန်မှာ ကိုယ်ကိုမထိန်းသိမ်း မချုပ်တည်းနိုင်ရင် မဖြစ်သင့်တဲ့ကိစ္စဖြစ်တတ်တယ်။ လောကမှာ မိန်းမတိုင်းဟာ အဆိုးချည်းမဟုတ်သော်လည်း မိန်းမတိုင်းကို ငယ်ငယ်ကြီးကြီး အကောင်းချည်းပဲလို့လည်း မယူအပ်ဘူး။ လူပျိုဖော်ဖြစ်စကလေးများ အဘွားကြီးများနှင့် ဖြစ်ပျက်ကြတာတွေ၊ အရွယ်မရောက်သူအချင်းချင်း အိမ်က မထိမ်းမြားဘဲ ထွက်ပြေးပေါင်းသင်းပြီး ဒုက္ခရောက်ကြတာတွေ၊ ငယ်ငယ်ရွယ်ရွယ်နှင့် တကော်ခေတ်နတ်ဆိုးဖမ်းစားလို့ ဆေးပုန်းစားရတာတွေဟာ ယခုလို လူပျိုဖော်ဝင်စအချိန်မှာ ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်း မပြုပြင်နိုင်ကြတဲ့ အဖြစ်တွေပဲ မောင်လေး။ မိန်းမများနှင့်ရောမိလို့ စိတ်က လှုပ်ရှားမိရုံပဲ ခဏခဏဖြစ်ပေါ်လာလို့ရှိရင် သွေးအသွားအလာ အကျဖောက်ပြားပြီး ရောဂါရတတ်လို့ လူပျိုဖော်ဝင်စ မောင်ကလေးများဟာ မိမိယောကျ်ားဖော်အချင်းချင်း ကွင်းပြင်မှာ ကစားခြင်း၊ ပျော်စရာရွှင်စရာနှင့် စာရိတ္တကောင်းမွန်မယ့်စာများကို ဖတ်ခြင်းတို့နှင့်သာ အချိန်ကုန်စေသင့်တာကို မောင်လေး မှတ်ယူနာခံစေချင်တယ်။ အစားအသောက်ကိုလည်း ပူပြင်းတဲ့ အရက်သေစာ မသောက်စားဖို့၊ သွေးထိုင်းပြီး လေးလံစေတဲ့ ဘိန်း၊ ဆေးခြောက် စသည်တို့ကို ရှောင်ကြဉ်ဖို့ကို သတိထားပါ။ စိတ်တက်ကြွပြီး နေရာတကာမှာ တွင်ကျယ်ချင်တဲ့အချိန်မှာ အပေါင်းအသင်းသွေးဆောင်တာကို သည်းမခံနိုင်ဘဲ အစ်မကြီး

ပြောပြခဲ့တဲ့ အလုပ်တွေများ လုပ်မိခဲ့ရင် မောင်လေးဟာ မြန်မာ့သားကောင်းစာရင်းထဲ ပါနိုင်တော့မည် မဟုတ်တော့ပေ။

မောင်လေး ကျန်းမာရေးအတွက် ဟင်းသီးဟင်းရွက် များများစား၊ ရေများများ သောက်ပါ။ လောကခရီးကြီးကို ဘယ်လိုသွားမယ်ဆိုတာကိုသာ မောင်လေးစဉ်းစားပါ။ လူ့လောကမီးရထားကြီးကို မောင်လေး ဘယ်အတန်းက စီးဖို့ကြံသလဲ၊ ပထမတန်းက စီးချင်ရင် ပထမတွဲလက်မှတ်နှင့် ပထမတွဲပရိသတ်ကြား တိုးနိုင်အောင် ကြံဆောင်ပါ။ ဒါကြောင့် ယခုအခါမှာ မောင်လေးဟာ ပထမ ကိုယ်ခန္ဓာကျန်းမာအောင်မွေး၊ ထွားကျိုင်းအောင်လုပ်၊ ဒုတိယ သန့်ရှင်းမြင့်မြတ် တည်ကြည်တဲ့ စိတ်ဓာတ်ကလေးကို မွေးဖို့ အစ်မကြီး တိုက်တွန်းလိုက်ပါတယ်။ ။

[၃]

# သားတို့ကျင့်ဖွယ်

**မောင်လေးတို့ ...**

အစ်မကြီးက သားကျင့်ဝတ်ရေးရင် အလွန်ရှေးကျတဲ့ အစ်မကြီးလို့ ရယ်ချင်မှာပဲ။ ဒါပေမဲ့ လို့ အစ်မကြီးတို့ ရှေးပညာရှိကြီးတွေဟာ အနှစ် ရာပေါင်းများစွာကို ကျော်လွန်ပြီး ခေတ်ကိုမြင်ထားတဲ့ ပုဂ္ဂိုလ်တွေပဲလို့ အစ်မကြီးယူဆတယ်။ **(၁) ကျွေးမွေးမပျက်၊ (၂) ဆောင်ရွက်စီမံ၊ (၃) မွေခံထိုက်စေ၊ (၄) လျှုမှုဝေ၍၊ (၅) စောင့်လေမျိုးနွယ် ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ** လို့ ရှေးလူတွေထားခဲ့တာ မောင်လေးတို့ သိမှာပေါ့။ အဓိပ္ပာယ်ကို နက်နက်နဲနဲ မောင်လေးစဉ်းစားမိရဲ့လား။ **(၁) ကျွေးမွေးမပျက်** ဆိုတာ သားသမီးများဟာ မိဘကို ကျွေးတုံ့ကျွေးလှည့်ဆိုတာလို မိဘအိုမင်းမစွမ်းရှိတဲ့အခါ ကျွေးမွေးရမယ်။ သားသမီးများ အသက်ရှင်သမျှ မိဘကို စားဦးစားဖျား မွန်မွန်မြတ်မြတ် ကျွေးမွေးပေးကမ်းဖို့ကို ဆိုတာပဲ။ **(၂) ဆောင်ရွက်စီမံ** ဆိုတာ မိဘနှင့်အတူ နေသည်ဖြစ်စေ၊ ကိုယ့်အိုးကိုယ့်အိမ်နှင့် နေသည်ဖြစ်စေ မိဘမှာ ကိစ္စကြီးငယ်ရှိတဲ့အခါ သားသမီးများက စီမံခန့်ခွဲဆောင်ရွက်ပေးရမယ်လို့ ဆိုလိုတာပဲ။ **(၃) မွေခံထိုက်စေ** ဆိုတာကတော့ မောင်လေးလောကမှာ ဖခင်ရဲ့အမွေကို မလိုချင်တဲ့သား ရှားလှပါတယ်။ ဒီတော့ အမွေယူချင်ရင် အမွေခံထိုက်အောင် တရားသဖြင့် ကျင့်ကြံရပေမယ်။ **(၄) လျှုမှုဝေ၍** ဆိုတာကတော့ မိခင်ဖခင်များ ကွယ်လွန်သွားသည့်တိုင်အောင် မိဘ၏ ကောင်းရာသုဂတိလားကြောင်းကို ရည်ရွယ်ပြီး လှူဒါန်းခြင်း၊ အမျှပေးဝေခြင်းများ ပြုလုပ်ဖို့ကို ညွှန်ပြတာပဲ။ **(၅) စောင့်လေမျိုးနွယ်** ဆိုတဲ့ ဝတ္တရားကတော့ ကိုယ့်အမျိုး ကိုယ့်အနွယ် အဆက်မပျက်အောင်၊ မျိုးဂုဏ် ဆွေဂုဏ် မပျက်အောင် စောင့်ရှောက်ရမယ်လို့ ဆိုလိုတာပဲ။ မောင်လေး၊ ဖဝါးလက်နှစ်လုံး၊ ပန်းလက်နှစ်သစ်ကစပြီး လူဖြစ်အောင် ကျွေးမွေးပြုပြင်ခဲ့ကြတဲ့ မိဘတွေ

ကို ယခုပြခဲ့တဲ့ ဝတ်ငါးသွယ်ဟာ ဘယ်ခေတ်မှာမဆို သားတိုင်းက ကျင့်အပ်တဲ့ ဝတ္တရားတွေပဲ မဟုတ်လား မောင်လေး။

မောင်လေးနှင့် အစ်မကြီးတို့ဟာ မြန်မာဖြစ်ကြတဲ့အတိုင်း မြန်မာနိုင်ငံကြီးကို အဖအရာကိုထားကြပါစို့ မောင်လေး။ ဖခင်ကြီးကို ဝတ္တရားတွေကျေပွန်အောင် ဆောင်ရွက်ဖို့ဟာ မောင်လေးတို့တာဝန်ချည်းမဟုတ်ပေဘူးလား။ အမျိုးအားဖြင့် ငါးမျိုးသာ ပြားနေပေမယ့် လို့ အမွေခံထိုက်အောင် ဆောင်ရွက်စီမံရမယ် ဆိုတဲ့ အချက်ကလေးပဲ ဘယ်လောက်ကျယ်ဝန်းမယ်ဆိုတာ မောင်လေး စဉ်းစားမိမှာပေါ့။ မောင်လေးနှင့်အစ်မကြီးတို့ဟာ ယခုလွတ်လပ်ရေးရဖို့ ကြိုးပမ်းကြတယ်။ အရင်းစစ်လိုက်ရင် တို့များ အဖနိုင်ငံတော်ကြီးဟာ အလွန်ပစ္စည်းပေါလို့ သားသမီးတွေက ကိုယ့်အမွေတွေ သူများက အဆီညှစ်ယူကုန်မှာစိုးတဲ့အတွက် ကိုယ့်ဖခင်အမွေကို သားသမီးတစ်စုကသာ ခံယူချင်လို့ တိုက်ခိုက်ကြိုးပမ်းရတာပဲမဟုတ်လား။ အဲဒီလို လုံးပမ်းနေ ကြတဲ့ကိစ္စမှာ မောင်လေးဟာ ရေသာခိုနေမယ်၊ မြန်မာ့အမျိုးကို မစောင့်ရှောက်ဘဲနေမယ် စသည်ဖြင့် ကျန်ကျင့်ဝတ် (၄) ပါးသာ ပျက်ကွက်ခဲ့ရင် မောင်လေးဟာ ဖခင်ရဲ့ အမွေခံထိုက်တဲ့ သားကောင်းတစ်ယောက်လို့ ယူဆဖို့ခဲယဉ်းတော့မယ်။

မောင်လေး ကိုယ်တိုင်မကြိုးစားဘဲ မောင်လေး အကျိုးမခံစားနိုင်ပေဘူး။ မောင်လေးဟာ မွေးတဲ့ဖခင်နှင့် မောင်လေးမှီတင်းနေထိုင်တဲ့ အဖမြန်မာနိုင်ငံကြီးကိုချစ်ရင် မောင်လေးတို့ ကျင့်ဖွယ်၊ ကျင့်အပ်၊ ပြုအပ်သမျှ ဝတ္တရားတွေကို ကျေပွန်မှသာ မောင်လေးရဲ့ မြင်းမိုရ်တောင်ဦး မကကျူးတဲ့ ကျေးဇူးရှင်မိဘများနှင့် အဖမြန်မာနိုင်ငံကြီးက သားဆိုမှသား မြန်မာ့သားကောင်းပေတကား လို့ ဝါကြွားနိုင်တော့မယ်။ ဒါကြောင့် မောင်လေးဟာ မြန်မာသားကောင်းပီသအောင် အစ်မကြီးတို့ ဘိုးဘေးများ ထားခဲ့တဲ့ သားတို့ကျင့်ဖွယ်ကလေးတွေကို မမေ့စေချင်ဘူး။ ။

[၄]

# အ မျိုး သ ား ပ ည ာ ရေ း

မောင်လေး ...

သားတို့ကျင့်ဖွယ်တွေကို ကျေပွန်စွာ ကျင့်ဆောင်နိုင်ဖို့ရာ မောင်လေးတို့ဟာ ကျန်းမာရေးအပြင် စာပေဗဟုသုတ တတ်ကျွမ်းဖို့လိုတယ်။ ဒါကြောင့် မောင်လေးတို့ ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး ရှေးအကျဆုံး ယဉ်ကျေးကြတဲ့ တိုင်းပြည်များရဲ့ အမျိုးသားပညာရေးကို အစ်မကြီး ဖော်ပြပါဦးမယ်။

ခရစ်တော်မပေါ်မီ အနှစ် (၅၀၀) လောက်ကစပြီး အမျိုးသားပညာရေးအနေနှင့် ကလေးသူငယ်ကလေးတွေကို ဂရုစိုက်သင်ကြားခဲ့တဲ့ တိုင်းပြည်များကတော့–

(၁) စပါးတား၊ (၂) ဂရိစ်တိုင်းပြည်နှင့် (၃) ရောမတိုင်းတို့ပဲ။

(၁) စပါးတားပြည်မှာ အသက် ၇ နှစ်ထိ ကလေးများဟာ အိမ်မှာ မိဘက အုပ်ချုပ်ထားကြသေးတယ်။ အသက် ၈ နှစ်က ၁၈ နှစ်ထိတော့ သူတို့ဘာသာစကားကို ဒွာန်ကရိဏ်းကျကျ ပြောဆိုတတ်ဖို့ သူတို့ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တကို အသက်အရွယ်ကြီးတဲ့ ဆရာများက သင်ပေးတယ်။ သူတို့တစ်တွေဟာ အများနှင့်သက်ဆိုင်တဲ့ စစ်အဆောက်အဦကြီးတစ်ခုမှာ သွားနေပြီး အဝတ်အစားဆင်းရဲစွာနှင့် နေ့စဉ် ကာယဗလ လေ့ကျင့်ရတယ်။ သူတို့ကို ဈေးလိုလူစည်ကားတဲ့နေရာမှာသွားပြီး အခိုးအဝှက်ခိုင်းတယ်။ မမိလို့ရှိရင်တော့ ချီးကျူးခံရတယ်။ တကယ်လို့များ ခိုးရင်းမိခဲ့ရင် ဆရာက ရိုက်တယ်။ မောင်လေး ဒါဟာ ဖျတ်လတ်ပြီး အကင်းပါးမှုကို တတ်စေလိုလို့ပဲ ထင်စရာရှိပြန်တယ်။ အသက် ၁၈ နှစ်က ၂၀ နှစ်ထိတော့ စစ်တိုက်ခိုက်ရေးကို ဖွဲ့သတ္တိနှင့် တိုက်ခိုက်နိုင်ဖို့ ကျကျနန သင်ရပြန်တယ်။ အသက် ၂၀ က ၃၀ အတွင်းတော့ စစ်ဦးကနေပြီး တကယ့်စစ်ပွဲတွင် တိုက်ခိုက်ခြင်း၊ တိုင်းပြည်ကာကွယ်ခြင်းများကို ပြုလုပ်ကြရတယ်။ အသက်

၃၀ ကျတော့မှ ဒီစပါးတား အမျိုးသားဟာ တကယ့်နိုင်ငံသားအဖြစ် ကျပ်ပြည့်ခံစား ခွင့်ရတယ်။ ဒီအချိန်မှာ အိမ်ထောင်မပြုမနေရ၊ အိမ်ထောင် အားလုံးပြုကြရတယ်။

(၂) နောက် (ဂရိစ်) တိုင်းပြည်က အမျိုးသားကလေးများ ဘယ်လိုကြီးပွားလာရ တယ်ဆိုတာ အစ်မကြီးဖော်ပြဦးမယ်။ သားကလေးမွေးဖွားလာလို့ ၅ ရက်ရရင်ပဲ အိမ်တွင်း က မိဆိုင်ဖဆိုင်နတ်သမီးကို အပ်နှင်းတဲ့ပွဲကလေးလုပ်ရတယ်။ ၁၁ ရက်သားကျတော့ ဖခင်လုပ်သူက သူနှင့်မွေးတဲ့ သားအစစ်ပါဆိုတာကို ပွဲကလေးနှင့်ပဲ ကြေညာရပြန်တယ်။ နောက် (သြတမ်) ဆိုတဲ့ ရာသီကျတော့ နတ်ပသ, တဲ့ပွဲများ ပြုလုပ်တဲ့အခါ သူကြီး လုပ်တဲ့သူက ဒီကလေးဟာ (ဂရိစ်) လူမျိုးရဲ့ ဥပဒေနှင့် ညီညီညွတ်ညွတ် မွေးဖွားတဲ့သား ဟုတ်မဟုတ် မဲခွဲစစ်ဆေးပြီးမှ လူဦးရေစာရင်းမှာ ထည့်သွင်းတယ်။ သူတို့တိုင်းပြည်မှာတော့ ပညာရေးဟာ မိဘတွေထင်သလို ပြုပြင်နိုင်တယ်။ စာရေး၊ စာဖတ်၊ အတီးအမှုတ်နှင့် ကာယဗလကြံ့ခိုင်ဖို့ သင်ကြားတယ်။ နိုင်ငံတော်အစိုးရက ပညာရေးကို အုပ်ချုပ်စစ်ဆေး ပေးရုံသာပေးပြီး သူတို့ကတော့ တည်ထောင်မပေးဘူး။ အလွတ်ပညာသင်ဆရာများ ရှိကြ တယ်။ သူတို့က ကလေးတွေကို အလွန်ရိုက်တတ်ကြတယ်။ သူတို့ရတဲ့ လခကလည်း နည်းပြီး သူတို့ကို ဘယ်သူကမှ အထင်မကြီးကြဘူး။ နံနက်အရုဏ်တက်ကစပြီး မှောင် သည်အထိ အလုပ်လုပ်ကြရတယ်။ ကလေးတွေလည်း သူတို့ပေးတဲ့ ကျဉ်းမြောင်းတဲ့ စာသင်ခန်းလေးတွေမှာ သင်ရတာပဲ။ ကျောင်းပိတ်ရက်လည်း မရှိရှာဘူး။ ဘုရားပွဲတွေ၊ နတ်ပွဲတွေတော့ သွားခွင့်ပြုပါတယ်။ မိန်းကလေးတွေကို အသက် ၇ နှစ်ကျရင် ယောကျ်ား ကလေးတွေနှင့် အတူ မနေရဘူး။ အိမ်မှာ မိခင်များက အိမ်တွင်းမှု ဗိုင်းငင်ခြင်း၊ ရက်ကန်း ရက်ခြင်း၊ စာထိုးပန်းထိုး၊ အပ်ချုပ်၊ အတီးအမှုတ်၊ စာရေးစာဖတ် စသည်တို့ကို သင်ပေးတယ်။

ယောကျ်ားကလေးတွေကတော့ အသက် ၇ နှစ်က ၁၆ နှစ်အထိ သူတို့အတွက် ကျောင်းနှစ်မျိုးနှစ်စားရှိတယ်။ တစ်ခုကတော့ တူရိယာနှင့် စာရေးစာဖတ် ဂဏန်းသင်္ချာ များသင်တယ်။ တစ်ခုကတော့ ကာယဗလ လှုပထွားကျိုင်းအောင် လေ့ကျင့်ပြုပြင်တယ်။ ၁၆ နှစ်က ၁၈ နှစ်အတွင်းကတော့ ကာယဗလပညာတွေကို ဆရာဖြစ်လောက်အောင် သင်ပြီးပေးတယ်။ ဥပမာ မြင်းစီးကျွမ်းကျင်အောင် လေ့ကျင့်ခြင်း၊ ရထားဘာဂီများ မောင်းခြင်းအတတ်၊ လက်နက်များတပ်ဆင်ပြီး ပြေးလွှားခြင်းစသည်တို့ကို သင်ကြား ပေးတယ်။ အဲဒီအချိန်မှာ မြို့ရွာရေး ဘာသာရေးထဲမှာ သူတို့ပါဝင်ဆောင်ရွက်နိုင်ကြ တယ်။ ၁၈ နှစ်က ၂၀ နှစ်အတွင်း ဖခင်လုပ်တဲ့သူက သားကိုပွဲများကျင်းပပြီး လှံတစ်စင်း၊ ဒိုင်းလွှားတစ်ခုပေးအပ်ပြီး နိုင်ငံသားအဖြစ် နိုင်ငံတော်အစိုးရကို အပ်နှင်းတယ်။ ဒီအခါ သားကလည်း ကျမ်းသစ္စာကျိန်ဆိုပြီး နိုင်ငံ၏ သားကောင်းတစ်ယောက်အဖြစ်ကို ခံယူရ

တယ်။ အဲဒီလို ခံယူပြီး ပထမနှစ်မှာ မြို့တော်ကိုသွားပြီး စစ်သားအဖြစ်နှင့် ကာယဗလ လေ့ကျင့်ခြင်း၊ ဘာသာရေးပွဲလမ်းသဘင်တွေ တက်ရောက်ခြင်းများ ပြုရသေးတယ်။ ဒုတိယနှစ်မှာ နယ်စပ်သွားပြီး နိုင်ငံအခြေအနေကိုသိအောင် တောရွာများ စောင့်ကြပ် နေရတယ်။ တတိယနှစ်ကျတော့ တကယ့်နိုင်ငံသားကောင်းအဖြစ်ရရှိပြီးမှ ကာကွယ်ရေး တပ်မတော်မှာ ဝင်အမှုထမ်းရတယ်။

**(၃)** ရောမတိုင်းက သင်ကြားရေးကတော့ အများအားဖြင့် အိမ်မှာပဲသင်ကြတယ်။ ပညာရှိအောင် ဗွဲသတ္တိရှိအောင် ဖခင်ကသင်တယ်။ မိခင်ကိုလည်း အထူးပဲရိုသေကြတယ်။ ဖခင်နှင့် မိခင်ရဲ့ ပုံသက်သေကိုလိုက်ပြီး ကလေးတွေက ကျင့်ကြံကြတာပဲ။ စာရေးစာဖတ်၊ ဂါထာကလေးတွေ အလွတ်ရွတ်ဆိုခြင်းတွေ သင်တာပဲ။

ဂရိစ်တိုင်းက ဆရာများကပဲ သင်ပေးတယ်။ စကားပြောနည်း၊ အလှအပပြင်နည်း၊ ရောင်းဝယ်ရေး၊ ဆေးပညာ၊ ဥပဒေပညာတွေကို အလုပ်သင်သလို သင်ကြားသွားကြတာပဲ တွေ့ရတယ်။ သို့ပေမဲ့လို့ ဆရာတွေရဲ့ နေထိုင်စားသောက်မှု အဆင့်အတန်းဟာ နိမ့်ကျ နေတာပဲ တွေ့ရတယ်။ ဂရိစ်ပြည်လောက်တော့ မစုံလင်ဘူး။ သို့ပေမဲ့လို့ လက်တွေ့ များတယ်။

မောင်လေး– ယခု ၃ နိုင်ငံက ပညာသင်ကြားရေးကို အစ်မကြီးဖော်ပြခြင်းဟာ ယဉ်ကျေးတဲ့နိုင်ငံတိုင်းကပဲ ကလေးတွေ ပညာသင်ကြားရေးကို လျစ်လျူမရှုခဲ့ကြဘူး ဆိုတာကို မောင်လေး သိစေချင်လို့ပဲ။ သူတို့ သားတွေဟာ ပညာစုံ ကြင်ရာစုံကြတဲ့အခါ နိုင်ငံက ခိုင်းချင်ရာခိုင်းဆိုပြီး နိုင်ငံသူနိုင်ငံသားအဖြစ်ကို ပေးအပ်လိုက်ကြတာပဲ။ ဒါပေမဲ့လို့ သူတို့နိုင်ငံတွေဟာ ယဉ်ကျေးတယ်ဆိုပြီး ဘာကြောင့် အခွန့်ရှည်ကြာ မတည်မြဲကြသလဲဆို တာကို စဉ်းစားရမယ်။

**ယဉ်ကျေးပြီး သူတစ်ပါးကို လွှမ်းမိုးနိုင်ကြတဲ့ လူတွေဟာ တဖြည်းဖြည်း စည်းစိမ်ယစ်ပြီး ကြီးနိုင်ငယ်ညှဉ်းစနစ်တွေပေါ်လာတော့ သူတို့ကို တစ်ဖန်နှိမ် နင်းမည့်သူတွေ ပေါ်ပေါက်လာပြန်တာပဲ။** ပြီးတော့ ကလေးတွေပညာသင်ကြားရေး စနစ်ကို ပြန်ကြည့်မယ်လိုရင်လည်း ပညာသင်ကြားတဲ့အချိန်မှာ အစားအသောက် ချို့ချို့ငဲ့ငဲ့ ထားတဲ့အပြင် ရိုက်နှက်ဆုံးမတဲ့ ကိစ္စကလည်း အလွန်ပေါများခဲ့တယ်။ ဆရာတွေကိုလည်း ဘယ်သူကမှ အထက်တန်းစား လူကုံထံတွေက ဆေးဖော်ကြောဖက်မှ မလုပ်ကြ။ သူတို့ ခများမှာလည်း ဝင်ငွေနည်းနည်းကလေးနှင့် လောက်အောင်စားသုံးကြရရှာတယ်။ တိုင်း ပြည်ကလည်း ဉာဏဗလထက် ကာယဗလကို အမိကထားပြီး ပြုပြင်ကြတော့ ကလေး တွေဟာ ကာယဗလသမားဖြစ်ပြီး ကိုယ့်နိုင်ငံတော်ကောင်းစားရေးအတွက် အမြင်မကျယ်

ခဲ့ကြဘူးပေါ့။

မောင်လေး– ကာယဗလကြီးပြီး ဘယ်လောက်ဖွံ့ဖြိုးနေစေကာမူ ကိုယ့်ဗလ ကိုယ့်ခွန်အားကို ဉာဏ်နှင့်ယှဉ်ပြီးသုံးမှသာ အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်မှာ ပေါ့။

ကြီးပွားနေတဲ့ နိုင်ငံတိုင်းမှာ ပညာရေးကို ငွေအများဆုံး သုံးကြတယ်ဆိုတာကို မောင်လေးတို့သိမှာပေါ့။ မောင်လေးတို့ အစ်မကြီးတို့မှာတော့ လွတ်လည်း မလွတ်လပ်၊ ကိုယ့်မင်းကိုယ့်ချင်းလည်း မဟုတ်တော့ ပညာရေးမှာ သားပြီးနုံချာခဲ့တာပေါ့။ ကာယဗလ၊ ဉာဏဗလချို့တဲ့ခဲ့ကြတာပေါ့။ တို့ဖခင်ဖြစ်တဲ့ မြန်မာနိုင်ငံကြီးကလည်း ဘယ်သူ ဟာဖြင့် ဖေဖေ ထမင်းစားနေတာကြာပြီ၊ သားတို့ကို ကျေးဇူးတုံ့ပြန်ပြီး ပညာ တွေတတ်အောင် သင်ပေးလိမ့်မယ်လို့ မျှော်လင့်ချက်မရှိရှာဘူး။ မောင်လေးတို့ ဟာ မြန်မာ့သားကောင်းပီပီ ကိုယ်ထူးကိုယ်ချွန်ရှာကြမှသာ မောင်လေးတို့ ဖခင် ကြီးဟာ အဖေဂုဏ်ရောင်ကို ထွန်းပြောင်စေနိုင်တဲ့သားတွေပဲလို့ တစ်အားတက် ရရှာတော့မှာပဲ။ ။

[၅]

# ရည်ရွယ်ချက်

**မောင်လေးတို့ ...**

လုပ်ငန်းတစ်ခုကို လုပ်ပါလို့ ပြောတဲ့လူက လွယ်တယ်။ လုပ်ဖို့လူမှာ စတင်လုပ်ဖို့ ခဲယဉ်းတယ်။ အောင်မြင်ခြင်းနှင့် အပြီးသတ်ဖို့က သာပြီးခဲယဉ်းသေးတယ်။ ယခု အစ်မကြီးက ကြိုးစားစမ်းပါဆိုတဲ့ လုပ်ငန်းဟာ မောင်လေးတို့ကို ကလေးဘဝက လူငယ်တစ်ယောက်ဖြစ်ဖို့၊ လူငယ်ဘဝက လူကြီးလူကောင်းဖြစ်ဖို့ကို တိုက်တွန်းတာပဲ။ အစ်မကြီး မပြောရင်လည်း ဒီကိစ္စဟာ မိဘတိုင်း သားသမီးတိုင်းလိုလားအပ်တဲ့ ကိစ္စတစ်ခုပဲ။ အချို့မိဘများကတော့ သားကလေးကြီးလာလို့ စကားနားလည်လာရင်ပဲ "ငါ့သားကြီးလာရင် ဘာလုပ်မှာတုံး" "ငါ့သားကို ဘာလုပ်ခိုင်းရမယ်" စသည်ဖြင့် ကလေးစိတ်ထဲမှာ ရည်ရွယ်မျှော်မှန်းစရာကလေးတွေကို စဉ်းစားကြတယ်။ အစဖော်ပေးကြတယ်။ အချို့မိဘတွေကလည်း အို–သူတို့ဘာသာ ဖြစ်ချင်ရာဖြစ်မှာပဲ။ ကိုယ်ကစီမံနေလို့ အပိုပဲလို့ ယူဆကြတယ်။ ရည်ရွယ်ချက်ရှိတဲ့ မိဘတွေကတော့ သားကလေး အေ၊ ဘီ၊ စီ သင်နိုင်ရင် စာရေးစာချီ မြို့အုပ်၊ ဝန်ထောက် အိုင်စီအက်လောက်ကိုသာ မှန်းကြတယ်။ ခပ်ပေါ့ပေါ့ သင်ကြတဲ့ မိဘတွေကျပြန်တော့ ကလေးတွေဘာသာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ခပ်အေးအေး ထားခဲ့ကြတယ်။ အချို့မိဘတွေကတော့ အင်္ဂလိပ်စာသင်သင်၊ မြန်မာစာပဲသင်သင် လခစား လုပ်ဖို့သာ ရည်ရွယ်ကြတယ်။ မောင်လေးမိဘတွေက ဘာကိုပဲရည်ရွယ်သည် ဖြစ်စေ မိဘများဟာ သေလူကျလူဖြစ်ပြီး မောင်လေးသာ တက်လူ ဖြစ်တယ်။ မောင်လေး ဘာသာ ကိုယ့်အရည်အချင်း၊ ကိုယ့်ဉာဏ်နှင့် ချင့်ချိန်ပြီး ရည်ရွယ်ချက်တစ်ခု ရှိရမယ်။ ရည်ရွယ်ချက်မရှိဘဲ အသက်ရှင်နေတဲ့ယောက်ျားဟာ အလကား၊ ဆန်ကုန်မြေလေးသမားတွေပဲလို့ အစ်မကြီး ယူဆတယ်။ ဒါကြောင့် မောင်လေး

**ဟာ ယခုအချိန်ကစပြီး ငါ လူလားမြောက်ရင် ဘာလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်**ကို စဉ်းစား သတ်မှတ်ပေတော့။ ရည်ရွယ်ချက်ဆိုတာကို အစ်မကြီး ရှင်းပြချင်သေးတယ်။ အစ်မကြီးဆန္ဒအရဆိုရင် ပညာသင်ကြားခြင်း ရည်ရွယ်ချက်နှင့် မောင်လေးကြီးရင် မြန်မာ့သားကောင်းတစ်ယောက်အနေနှင့် မြန်မာနိုင်ငံ ကောင်းကျိုးဆောင်ရွက်ဖို့ ရည်ရွယ်ချက်နှစ်မျိုး ခွဲထားစေချင်တယ်။

အစ်မကြီးကိုယ်တွေ့ကို မောင်လေးအား ပြောပြရန်သက်ဆိုင်နေ၍ ပြောပြဦးမယ်။ အစ်မကြီးတို့ အမျိုးမှာ အမိဘက်ကရော အဖဘက်ကရော အားလုံးကုန်သွယ်လယ်လုပ်နှင့် အသက်မွေးကြတယ်။ သို့ပေမဲ့လို့ အစ်မကြီးတို့ ဖခင်ကြီးဟာ အလွန်ခေတ်မြင်ပြီး သားသမီးရှိသမျှကို ခေတ်ပညာကိုလူတိုင်းဇေ့ သင်ပေးတယ်။ ဝါသနာပါလို့ ကြိုးစားတဲ့သူတွေဟာ ပညာကို ဆုံးခန်းတိုင် သင်ကြတယ်။ ကျန်းမာရေး မညီမညွတ်သူနှင့် အခြားအကြောင်း မညီညွတ်သူများသာ ပညာကိုအတန်းတွေ အများကြီးအောင်မြင်အောင် မသင်ကြရဘူး။ သို့ပေမဲ့လို့ အစ်မကြီးတို့ဖခင်ကြီးဟာ တစ်ခါမျှ သားသမီးတွေကို လခစား စိတ်ဓာတ်လည်း မသွင်းခဲ့ရှာဘူး။ တိုက်လည်း မတိုက်တွန်းခဲ့ဘူး။ ကျေးဇူးရှင်မိဘနှစ်ပါး ပြောနေကျစကားဟာ သားသမီးတို့–အလိမ္မာရည် ရှိအောင်၊ အမြင်ကျယ်အောင် ပညာတွေသင်ထားရတယ်လို့သာ အစ်မကြီးတို့ ရုံဖန်ရံခါ ကြားမိတယ်။ ဖခင်ကြီး ဆုံးသွားတော့ မောင်နှမတစ်စုဟာ ကုန်သည်ဘ၀ လုပ်ကိုင်စားနေတဲ့အခါမှာ ၈၀ ရာခိုင်နှုန်းလောက် မိတ်ဆွေများက မိဘပိုက်ဆံကို ဖြုန်းတီးပြီး အင်္ဂလိပ်စာတွေ သင်ထားလျက် မိခင်ကြီးကို ဂုဏ်ရှိအောင် လခစားမလုပ်ကြဘူးလို့ အမြဲတစေ ကဲ့ရဲ့ပြစ်တင်ခြင်းခံရတယ်။ သို့ပေမဲ့လို့ ဤမျှစိတ်နှလုံး အဆင့်အတန်း၊ စဉ်းစားဉာဏ်အဆင့်အတန်း နိမ့်ကျသူတို့အား အစ်မကြီးတို့ သနားမိရုံမှအပ ဘာမျှမချေပခဲ့မိဘူး။

**မောင်လေး– ဒါကြောင့် ဘယ်သူပြောပြော ပညာသင်ခြင်းရဲ့ ရည်ရွယ်ချက်ဟာ ဗဟုသုတ၊ ပညာ၊ အလိမ္မာတိုးဖို့၊ စဉ်းစားဝေဖန်ပိုင်းခြားတတ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကိုသာထားပါ။** မြန်မာ့သားကောင်းအဖြစ်နှင့် နိုင်ငံ့ဝန်ကိုထမ်းဆောင်ဖို့ဆိုတော့ မြန်မာနိုင်ငံကြီးရဲ့ သားတွေဟာ အလွန်တတ်ကျွမ်းတဲ့ ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းထိမ်၊ ပန်းရန်၊ ဗိသုကာ ဆရာကြီးတွေ၊ စက်ယန္တရားတွေတွင်နိုင်၊ ပြင်နိုင်၊ သွန်းလုပ်နိုင်၊ ခုတ်မောင်းနိုင်တဲ့ စက်ဆရာကြီးတွေ၊ ဇီဝကကြီးတို့လို ခွဲစိတ်ကုသနိုင်တဲ့ ဆရာဝန်၊ မျက်စိကု၊ နားကု၊ အရိုးဆက်ကုစတဲ့ ဆရာဝန်ပါရဂူကြီးတွေ၊ နက္ခတ် တာရာကမ္ဘာကိန်းခန်းနားလည်တဲ့ လောကဓာတ်ဆရာကြီးတွေ၊ သစ်ပင်၊ ဝါးပင်၊ မြက်ပင်၊ အထူးအဆန်းရှာဖွေပြီး ကမ္ဘာကိုအကျိုးရှိအောင် ဖန်တီးနိုင်တဲ့ ရုက္ခဗေဒဆရာကြီးတွေ စသည်ဖြင့်

မြောက်မြားလှတဲ့ ပညာသည်သားကောင်းတွေလိုနေတယ်ဆိုတာကို မောင်လေး ပထမမြင်ရမယ်။ အဲဒီလို ပုဂ္ဂိုလ်တွေထဲမှာ မောင်လေး ဘယ်လိုပုဂ္ဂိုလ်ဖြစ်ချင်တယ်ဆိုတာကို မောင်လေးဘာသာစဉ်းစားပြီး တစ်ခုခုကို ဆုံးဖြတ်ချက်ချထားပါ။ မောင်လေး ရည်ရွယ်ချက်ဟာ အစ်မကြီးဖော်ပြထားတဲ့ သားကောင်းအဖြစ် သို့မဟုတ် အလားတူ ကြီးမြင့်တဲ့ ပုဂ္ဂိုလ်တစ်ခုခုဖြစ်ဖို့ထက် အောက်မကျစေချင်ဘူး။ **ယောက်ျားမှန်ရင် ရည်ရွယ်ချက်ရှိရမယ်။** ရည်ရွယ်ချက်မရှိတဲ့ ယောက်ျားဟာ ရွက်မပါဘဲ ပင်လယ်ထဲမျောသွားတဲ့ လှေပျက်နှင့်သဏ္ဌာန်တူတယ်။ ရည်ရွယ်ချက်ကို သတ်မှတ်ထားပြီး ကိုယ့်ရည်ရွယ်ချက်ပြည့်စုံအောင် ဖွဲ၊ သတ္တိ၊ လုံ့လနှင့် ကြိုးစားရန် မောင်လေးအသင့်ရှိပါစေ။ ။

[၆]

# လောကဓာတ်ပညာ

**မောင်လေးတို့ ...**

လောကမှာ ဘယ်ပညာကိုပဲ ဆည်းပူးမယ်စိတ်ကူးစေတော့၊ **စိတ်ကူးတဲ့ပညာဟာ လောကဓာတ်ပညာမှာ အကျုံးဝင်နေတယ်။** ဒီပညာတွေ မဆည်းပူးမီ ဘာသာစာပေ ရေးတတ်ဖတ်တတ်ဖို့၊ ဂဏန်းသင်္ချာတွေ တွက်ချက်တတ်ဖို့ ပထမလိုလားအပ်တယ်။ ဒါကြောင့် မောင်လေးရည်ရွယ်ချက်ဟာ ဘယ်ထိအောင် ကြီးကျယ်နေစေကာမူ၊ ဘယ်လောက်ပဲလွယ်ကူနေစေကာမူ ဘာသာစာပေမတတ်ဘဲ မဖြစ်နိုင်ဘူး။ အဲဒီတော့ ကျောင်းမှန်မှန်တက်ရမယ်။ ကျောင်းကသင်တာတွေ တတ်တဲ့အပြင် ကိုယ်တတ်သမျှ မှတ်သမျှနှင့် အားလပ်ချိန်မှာ ဗဟုသုတစာပေတွေ ဖတ်ရမယ်။ အဲဒီလို သတ်မှတ်သင်ယူတဲ့အပြင် မောင်လေးတိုင်းဟာ မျက်စိစူး၊ နားပါး၊ အမျိုးမျိုးဖျတ်လတ်တဲ့ ယောက်ျားကလေးတွေ ဖြစ်ဖို့လိုတယ်။ မျက်စိရှိလျက် မမြင်၊ နားရှိလျက်မကြားဆိုတဲ့ ကလေးစားမျိုး မဖြစ်စေချင်ဘူး။ လောကကြီးမှာ ရှိရှိသမျှ အရာဝတ္ထု၊ ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်၊ ပန်းပင်၊ ကြက်၊ ငှက်၊ သား၊ ငါးမှအစ သက်ရှိသက်မဲ့ အရာဟူသမျှကို တွေ့တိုင်း အမှတ်မဲ့မကြည့်ရှုဘဲ လေ့လာဆည်းပူးမှတ်သားရမယ်။ လောကဓာတ်ပညာ ထွန်းကားတဲ့ နိုင်ငံမှာ စက်မှု၊ လက်မှုပညာတွေ ထွန်းကား၊ ဥစ္စာပစ္စည်းတွေ ကြွယ်ဝချမ်းသာတာပဲ။ လောကဓာတ်ပညာဆိုလို့ မောင်လေးတို့စိတ်ထဲမှာ တို့အရွယ်နှင့် ဘယ်တက္ကသိုလ် ဘယ်ကောလိပ်သွားပြီး လောကဓာတ်ပညာသင်ရပါမလဲလို့ တွေးမနေနှင့်ဦး။ မောင်လေးတို့က မကြည့်ဘဲ ရှောင်သွားမှာပဲ။ မောင်လေးတို့ ပတ်ဝန်းကျင်မှာ လောကဓာတ်ပညာတွေကို သဘာဝသရုပ်သားကောင်နှင့် တည်ခင်းပေးနေတာပဲ။

လောကဓာတ်ကြီးနဲ့တကွ ရှိရှိသမျှ သက်ရှိသက်မဲ့တွေကို ထိုသဘာဝက ဖန်တီး

ထားတယ်။ ဒီသဘာဝက ဘယ်ခေတ်နှင့် ဘယ်ခေတ်ဆက်စပ်ရင် ဘာဖြစ်လာတယ်ဆိုတာကို လောကခေတ်ထဲမှာ ဉာဏ်အထက်မြက်ဆုံးဖြစ်တဲ့ လူသတ္တဝါတွေက ကြံဆတွေးတောပြီး သဘာဝနှင့် ထပ်တူထပ်မျှဖြစ်အောင် ထွင်ကြတယ်။ ဥပမာဆိုရင် မိုးကြိုးပစ်တော့ လူသေတယ်။ အိမ်တွေ၊ သစ်ပင်တွေ ပျက်စီးနိုင်တယ်မဟုတ်လား မောင်လေး။ ဒီတော့ လောကခေတ်ဆရာတွေက အဲဒီမိုးကြိုးခေတ်ထဲမှာ ဘာတွေပါသလဲဆိုတာ ရှာဖွေကြံဆပြီး ဖြောက်အိုး၊ သေနတ်ကျည်ဆန်၊ အမြောက်ကျည်ဆန်၊ ဗုံးအစရှိတဲ့အရာတွေကို တဖြည်းဖြည်း တစ်စတစ်စ တီထွင်လာနိုင်တယ်။

ဒီနည်းအတိုင်းပဲ ရေနွေးအိုးတည်တဲ့အခါ ရေဆူတော့အခိုးရဲ့အရှိန်ကြောင့် ရေနွေးအိုးအဖုံးကလေးဟာ အထက်ကိုကြွတက်လာတာ မြင်တာနဲ့ လောကခေတ်ဆရာကြီးများဟာ ထင်းမီး၊ ကျောက်မီးသွေးမီး၊ ရေနွေးငွေ့တွေနှင့် သွားလာအောင်ခုတ်မောင်းနိုင်တဲ့ မီးရထား၊ မီးသင်္ဘောတွေကို ဖန်တီးနိုင်ခဲ့ကြတယ်။ လေယာဉ်ပျံ၊ ရေယာဉ်ပျံတွေကို ထွင်လုပ်နိုင်ခဲ့ကြတယ်မဟုတ်လား။ အနှစ်နှစ်အလလ အသက်ဆုံးခံပြီး လောကခေတ်ဆရာကြီးတွေ ကြိုးစားပြီး အောင်မြင်လာကြတဲ့အခါ မောင်လေးတို့၊ အစ်မကြီးတို့ မျက်စိထဲမှာ တန်ခိုးတွေ အနန္တရှိတဲ့ ဘုရားမှတ်တမ်းတဲ့ မြေလျှိုးမိုးပျံတဲ့အတတ်တွေ၊ ကမ္ဘာကို လောင်မီးကျဖျက်ဆီးနိုင်တဲ့ အတတ်တွေမြင်ရတော့ တကယ့်ကို အံ့ဩစရာတွေပဲ မဟုတ်လား။ အမှန်စင်စစ်တော့ ဖြစ်တာပျက်တာကို တို့တစ်တွေက အံ့ဩစရာမရှိဘူး။ သဘာဝအတိုင်း ကြံစည်တွေးဆ ဖန်တီးကြလို့ ဖြစ်လာရတာပဲ။ ဒါတွေကို စိတ်ရှည်ရှည် ဇွဲနှင့်အမြဲ ရှာဖွေကြံဆ လုပ်ကိုင်နေကြတဲ့ လောကခေတ် ဆရာကြီးတွေရဲ့ ဇွဲသတ္တိလုံ့လ၊ ဉာဏ်ပညာတွေကို သာပြီးချီးကျူးရမယ်။ အတုယူရမယ်။ သူတို့လုပ်ခဲ့ပုံတွေကို လေ့ကျက်မှတ်သားရမယ်။ ဒါမှ မောင်လေးတို့ဟာ ကြီးလာရင် မောင်လေးတို့ ကိုယ်ရေးကိုယ်တာ စားသောက်လုပ်ကိုင်ရေး ဖူလုံပြီး မြန်မာနိုင်ငံကြီးဟာလည်း စည်ပင်ဝပြောလာမှာပဲ။ မောင်လေးတို့ဟာ ခေတ်မီးရောင်မြင်ရင် ဝမ်းမြောက်ကြတယ်။ ခေတ်စက်သံကြားရင် ပျော်မြူးကြတယ်။ ရေဒီယိုဆိုရင် ကြားချင်ကြတယ်။ ဒီဝတ္ထုပစ္စည်းတွေဟာ ဘယ်လိုလုပ်ထားတယ်။ ဘာလို့မြည်နေကြတယ်ဆိုတာ စဉ်းစားမိ၊ တွေးတောမိ၊ မေးမြန်းမိကြရဲ့လား။ မောင်လေး သွားလာလုပ်ကိုင်နေထိုင်စားသောက်သမျှ ပေါ့ပေါ့ဆဆမနေဘဲ စေ့စေ့စပ်စပ် စုံစမ်းရမယ်။ မောင်လေးဟာ မောင်လေးအိမ်က ထမင်းကျွေးရင် ငါးသေတ္တာနှင့် စားရတယ်ဆိုပါတော့။ ဒီငါးကလေးတွေကို စည်ထဲမှာ မပုပ်မသိုးအောင် ဘယ်ပြည်က ဘယ်လိုလုပ် ပို့လိုက်တယ်ဆိုတာကို စဉ်းစားရမယ်။ သူများလို လုပ်ချင် ထွင်ချင်တဲ့စိတ်လည်း ရှိသင့်တယ် မောင်လေး။

နောက်ဆုံး မောင်လေးတို့ကို အစ်မကြီး သိစေချင်တာက လောကဓာတ်ပညာဟာ အောင်လာတဲ့အခါ အတိုင်းမသိ ဝမ်းမြောက်အံ့ဩလောက်ပေမဲ့လို့ ဆန်းစစ်လိုက်တဲ့အခါ ဒီပညာဟာ မောင်လေးတို့ အိမ်တွင်းက၊ မီးဖိုချောင်က၊ ဥယျာဉ်ထဲက စတင်ပေါ်လာတယ်ဆိုတာကို မှတ်ယူစေချင်တယ်။ **မောင်လေးတို့အရွယ်ကစပြီး မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး ပညာလိုလား ဗဟုသုတကို မှတ်သားချင်တဲ့စိတ်ဓာတ်ကို မွေးမြူကြဆိုတာကို မောင်လေးတို့ကို တိုက်တွန်းလိုက်ပါတယ်။** ∎

၇

# လောကဓာတ်နှင့် အိပ်ရာ

**မောင်လေး ...**

**"လောကဓာတ်" ပညာကို အိမ်တွင်းက စရမယ်လို့ အစ်မကြီး** ပြောခဲ့တယ်။ ဘယ်လို စတင်မှတ်သားရမယ်ဆိုတာကို ယခုအပတ် မောင်လေးတို့ကို ဖော်ပြမယ်။ မောင်လေးတို့ကို မောင်လေးတို့မေမေက အိပ်ရာအိပ်တဲ့အခါ ရေစိုတဲ့ အိပ်ရာနှင့် မအိပ်နှင့်၊ အေးတဲ့သလင်းပေါ် မအိပ်ရဘူးလို့ ခဏခဏ ဆိုဖူးမှာပေါ့။ ဘာကြောင့်ဆိုသလဲ သိရဲ့လားလို့မေးရင် နေမကောင်းမှာစိုးလို့ ဆိုတာကိုဖြေမှာပဲ။ ဘာဖြစ်လို့လဲလို့ မောင်လေးတို့ ထပ်မေးမိကြရဲ့လား။ အဲဒီနေမကောင်းဖြစ်လိမ့်မယ်ဆိုတဲ့ အဖြေထဲမှာကိုပဲ လောကဓာတ်နည်းကလေးတွေပါတယ်။ ယခင်စာထဲမှာတုန်းက မောင်လေးကို ရေနွေးဆူရင် ရေနွေးအိုးအဖုံးလေးကို အခိုးအငွေ့တွေက တိုးထွက်တဲ့အတွက် အထက်ကိုကြွတယ်ဆိုတာ ဖော်ပြခဲ့တယ်။ မောင်လေးသိရမည့် လောကဓာတ်နည်းကတော့ အခိုးအငွေ့လေတို့ဟာ ပူရင်ပေါ့တယ်။ အထက်ကိုတက်တယ်။ မောင်လေးတို့ဟာ စွတ်စိုထိုင်းမှိုင်းတဲ့ အိပ်ရာပေါ်မှာ အိပ်တဲ့အခါဖြစ်စေ၊ စွတ်စိုတဲ့ အဝတ်အစားတွေကို ဝတ်တဲ့အခါဖြစ်စေ၊ အအေးဓာတ်က ကိုယ်ကိုထိတဲ့အခါ ကိုယ်ထဲမှာရှိတဲ့ အပူဓာတ်ကိုစုပ်ယူနိုင်တယ်။ ဒီတော့ အပူငွေ့တွေဟာ အပြင်ကိုထွက်ပြီး သွားကြတယ်။ သွေးသားထဲက အပူရှိန်ဟာ ယုတ်လျော့သွားတယ်။ ဒါကြောင့် လူဟာ အအေးမိပြီး ထိုင်းမှိုင်းလေးကန် နေမကောင်း ဖြစ်တာပေါ့။ ဥပမာပြရရင် အစ်မကြီးတို့ နိပွန်ခေတ်တုန်းက မီးရထားစီးသလိုပေါ့။ အဲဒီမီးရထားတွေဟာ ကျောက်မီးသွေးမရတော့ ထင်းနှင့်ခုတ်ရတယ်။ ထင်းဟာ ကျောက်မီးသွေးလိုမဟုတ်ဘူး။ ပြီးတော့ ထင်းအသားကောင်းတာရော၊ ဆိုးတာရော ရောပြွမ်းနေတော့ မီးဟာအရှိန်မညီဘူး။ ထင်းကို မပြတ်ထိုးနေတဲ့အခါကျတော့ မီးရထားဟာ ခပ်မှန်မှန်ကလေး ဆွဲသွားနိုင်ပါရဲ့။

တစ်ချက်ချက် မီးရထားဟာ အင်မတန် အားလျော့နေတဲ့ လူမမာလို ဖြည်းဖြည်းသာ သွားနေတော့တာပဲလေ။ အကြောင်းကိုမေးလိုက်တဲ့အခါ ထင်းနှင့်ခုတ်မောင်းရလို့ တစ်ချက် တစ်ချက် မီးပေါင်ချိန်လျော့လို့ မလှုပ်မယှက်ဖြစ်ဖြစ်သွားတာကို သိရတယ်။

လူမှာလည်း ဒီလိုပဲမောင်လေး၊ တေဇောလို့ခေါ်တဲ့ အပူဓာတ်လျော့သွားရင် နေမကောင်းဘူး။ **အပူထွက်သွားရင် အအေးဝင်လာတာပဲ။ အအေးမိရင် ဖျားနာကြ**တယ်။ ကိုယ်လက်တောင့်တင်းတတ်ကြတယ်။ ဒါကြောင့် မောင်လေးတို့ကို စိုစွတ်တဲ့ အိပ်ရာမှာ မအိပ်ကြဖို့၊ အေးတဲ့အခါ အနွေးထည်ဝတ်ကြအောင် အမြဲ လူကြီးများက နှိုးဆော်စောင့်ရှောက်ရတာပေါ့။ လူကြီးတွေဆုံးမတာတွေဟာ လောကဓာတ်နည်းနှင့် သဘာဝကျတာမို့ မောင်လေးတို့ဟာ အရင်းအမြစ်ပါ နားလည်ပြီး လိုက်နာဖို့ကောင်းတယ်ဆိုတာ မှတ်ထားရင် မောင်လေး ကျန်းမာမှာပဲ။ ။

[၈]

# သကြားဘာကြောင့်ချိုသလဲ

**မောင်လေး ...**

လောကဓာတ်ပညာကို မီးဖိုချောင်၊ ထမင်းစားခန်းထဲက စသင်နိုင်တယ်ဆိုတာကို မောင်လေးယုံရဲ့လား။ မေမေ ကော်ဖီဖျော်တိုက်တဲ့အခါ မောင်လေးက မေမေ သကြားဟာ ဘာကြောင့်ချိုပါလိမ့်လို့ မမေးချင်ဘူးလား၊ မေးလည်းမကြည့်ဘူးလား၊ မောင်လေးမေးရင် မောင်လေးမေမေက လျှာရှည်ရမလားလို့ ငေါက်ပစ်လိုက်မယ်။ ဒါကြောင့် အစ်မကြီးပြောပြမယ်။ မောင်လေးမှတ်ထားပေတော့။ မောင်လေးတို့ အစ်မကြီးတို့ ဦးခေါင်းထဲမှာ ဦးနှောက်ရှိတယ်ဆိုတာကို မောင်လေးသိတယ်နော်။ အဲဒီ**ဦးနှောက်ရဲ့ အပိုင်းတစ်ပိုင်းမှာ အာရုံကြောကလေးတစ်ခုရှိတယ်။ လျှာက စားလိုက်တဲ့အခါ အရသာဖြစ်ပေါ်လာအောင် အရသာ အချိုအခါးသိအောင် ဒီအာရုံကြောကလေးတွေက ဖော်ပြတယ်။** သူတို့ဟာ လျှာထိမှုဆုံးတယ်။ အဲဒီအာရုံကြောမျိုး ၄ စုံထက် မနည်းရှိတဲ့အထဲမှာ အာရုံကြောကလေးတစ်ခုဟာ သူ့ကိုလှုံ့ဆော်ထိုးဆွလိုက်ရင် ဦးနှောက်ထဲမှာ ချိုတယ်ဆိုတဲ့ အသိဉာဏ်ကလေးကို ဖြစ်ပေါ်စေနိုင်တယ်။ ဒီအာရုံကြောတစ်စုံကို သကြားသို့မဟုတ် သကြားဓာတ်ပါတဲ့ အရာဝတ္ထုတွေကမှ လှုံ့ဆော်နှိုးဆွနိုင်တယ်။ ဒါကြောင့် သကြားစားလိုက်တဲ့အခါ မောင်လေးတို့မှာ ချိုတယ်ဆိုတဲ့ အသိကလေး ဝင်လာတာပေါ့။ ဒါပေမဲ့ မောင်လေးတို့ရော၊ အစ်မကြီးတို့ရော တစ်ခါမှ သကြားကင်န်ပြီး ဆားက ဘာကြောင့် မချိုပါလိမ့်လို့ မစဉ်းစားမိဘူး။ ချိုတယ်ဆိုတဲ့ အရသာကိုလည်း မောင်လေးတို့ အချိုကို မစားဖူးတဲ့လူကို တခြားနည်းနှင့် ရှင်းလင်းပြောဆိုစရာ စဉ်းစားလို့မရမိနိုင်ပေဘူး။ ထန်းလျက်၊ ကြံသကာ၊ ကြံသကြား ချိုတာတွေဟာ တစ်ခုနဲ့တစ်ခုလည်း မတူဘူး။ ပိုချိုတာလည်းရှိတယ်။ လေးချိုတာလည်းရှိတယ် မဟုတ်လား။ ပြီးတော့ မြန်မာလို

ဆေးသကြားခေါ်တဲ့ (**saccharin**) သကြားဟာ နည်းနည်းနှင့် တာသွားပြီး အခြားသကြားတွေထက်ပင် ချိုသေးတယ်။ ဒါပေမဲ့လို့ တို့များဟာ ချိုတာကို ချိုတယ်ကလွဲပြီး ဘာမှ မပြောနိုင်ဘူး။ ဒါကြောင့် မောင်လေးသိဖို့က သကြားဟာ ဘာကြောင့်ချိုသလဲဆိုရင် ချိုတဲ့အကြောင်းကို ဦးနှောက်ထဲမှာ အသိပေးနိုင်တဲ့ အာရုံကြောကို ထိုးဆွနိုင်တဲ့ သတ္တိရှိလို့ချိုတာပဲ ဆိုတာကို မှတ်သားရမယ်။

မောင်လေးတို့ဟာ ထိုးထွင်းသိချင်တဲ့ဉာဏ်၊ စဉ်းစားချင်တဲ့စိတ်ပေါ်လာအောင် စားရာ၊ သွားရာ၊ အိပ်ရာမှာ ဖြစ်သလို စား၊ ဖြစ်သလိုသွားမနေဘဲ စဉ်းစဉ်းစားစား ကြံဆတတ်အောင် အစ်မကြီး အစဖော်ပေးလိုက်တာပဲ။ မောင်လေးကိုယ်တိုင်လည်း အခြားအရာရာကို တွေးကြံဆနိုင်ပါစေဆိုတာ ဆုတောင်းမျှော်လင့်နေမိတယ်။ ။

[၉]

# ခွေးကလေးသဘာဝ

**မောင်လေး ...**

မောင်လေး ခွေးကလေးတွေကို ချစ်တယ်မဟုတ်လား။ သူတို့ နေပုံထိုင်ပုံ စားသောက်ပုံကလေးတွေကို အလေးဂရုပြုပြီး ကြည့်မိရဲ့လား။ မောင်လေးကို မခက်တဲ့ သဘာဝနှင့် "လောကဓာတ်ပညာ" ကလေးတွေကို အစ်မကြီး အစဖော်ပေးမယ်လို့ ရည်ရွယ်ရင်းရှိတဲ့အတိုင်း မှတ်သားစရာကောင်းတဲ့ ခွေးကလေးရဲ့ သဘာဝကို ဖော်ပြဦးမယ်။

အစ်မကြီးတို့အိမ်က ခွေးမကြီးဟာ အိမ်ပေါ်မှာပဲ အိပ်ချင်တယ်။ လူပုံလယ်ကောင်မှာ လေးပတ်လောက် ပတ်ချာလှည့်ပြီးမှ အိပ်တော့ အစ်မကြီးရဲ့ မိခင်ကြီးကို မေးတယ်။ ဒီတော့ မိခင်ကြီးက ခွေးများဟာ ဒီလိုပဲခုနစ်ပတ်လှည့်ပြီးမှ အိပ်တာပဲလို့ သာမန် အဖြေပေးတာကိုး။ အစ်မကြီး အကြောင်းရှာမတွေ့မိခဲ့ဘူး။ ခွေး၊ ကြောင်၊ မြင်း၊ နွား စတဲ့ တိရစ္ဆာန်များဟာ လူနှင့်အနီးကပ်ဆုံးနေတော့ သူတို့အကြောင်းကို လူတိုင်းမတွေးမိကြဘူး။ အမှန်တော့ လူတွေက စေခိုင်းပြီး သွန်သင်နှိပ်ကွပ်ထားလို့ ဒီတိရစ္ဆာန်တွေဟာ ယဉ်ကျေးအသုံးဝင်ပေမယ်လို့ သူတို့ဟာ ဇာတိကတော့ တိရစ္ဆာန်ရိုင်းတွေပဲ။ **လူကစပြီး သတ္တဝါအားလုံးတို့ဟာ သူတို့မျိုးရိုးအကျင့်အကြံတွေကို အားလုံးမေ့ပျောက်နိုင်ခဲတယ်။ မျိုးရိုးစရိုက်အတိုင်း ကျင့်ကြံတတ်တဲ့ ဓလေ့တွေ ရှိကြသေးတာပဲ။ ဒီ**လိုပဲ ခွေးတွေဟာလည်း သူတို့ဘိုးဘွားတွေရဲ့ အကျင့်အမူတွေကို မဖျောက်နိုင်ကြပေဘူး။ ဟိုးရှေးရှေးတုန်းက ခွေးတွေဟာ တောထဲမှာနေရတာပေါ့။ တောဆိုတော့ မြက်ပင်ကြီးတွေ အရှည်ကြီးတွေ ပေါက်ရောက်နေတော့ ခွေးတွေဟာ ထောင်နေတဲ့ မြက်တွေပေါ်ကို မအိပ်နိုင်တော့ မြက်ပင်တွေပြားပြီး သက်သက်သာသာကွေးအိပ်နိုင်အောင် မြက်ပင်တွေပေါ်ကို အပြန်ပြန်နင်းရတယ်။ လှည့်ပတ်နင်းပြီး မြက်တွေလည်း ပြားသွားမှ မြက်ပေါ်ကို အိပ်ကြရ

တယ်။ အဲဒီ ဘိုးဘေးတွေရဲ့အကျင့်တွေဟာ ယခုအိမ်မှာနေရတဲ့ ခွေးတွေအထိ ပါလာကြတာပဲ။ သူတို့ ပင်ကိုသန္တာန်ဉာဏ်နှင့် သူတို့လုပ်ဆောင်ပတ်နေကျ အကျင့်တွေဟာ ပါလာတော့ ဒါဟာ ခွေးရဲ့ အလေ့အထဖြစ်လာတာပေါ့။

ယနေ့မောင်လေးဟာ နက်ဖြန့် အစ်ကိုကြီး။ နောင် တဖြည်းဖြည်း ဘိုးဘိုးဘဝထိ ရောက်တော့မှာပဲ။ မောင်လေးဟာ ယနေ့အကျင့်ကောင်းတွေကို မွေးမြူဖန်တီးပါ။ နောင် မောင်လေး သားစဉ်မြေးဆက် အကျင့်ပါပြီး အလေ့အထကောင်း အမွေကလေးတွေကို ဆက်ခံနိုင်ကြမှာပေါ့။ မြန်မာ့သားကောင်းပီပီ မြန်မာ့ယဉ်ကျေးမှု အလေ့အထကြီးပွားဖို့ ကြိုးစားတဲ့ ပြုပြင်ရေးအလေ့အထကလေးတွေကို ဖန်တီးထားပါ။ သဘာဝဟာ သတ္တဝါတွေကို ဖန်တီးထားပေမယ်လို့ သတ္တဝါတွေကလည်း သဘာဝကို ထပ်ပြီး ဖန်တီးနိုင်တယ်ဆိုတာကို သိသာဖို့ မောင်လေးကို ယခုစာရေးလိုက်ရပြန်တယ်။ ။

[၁၀]

# မျက်ရည်နှင့်ချွေး

**မောင်လေး ...**

မောင်လေးမေမေက မောင်လေးကို ဘယ်နှခါရိုက်ဖူးလဲ၊ မေမေရိုက်တဲ့အခါ မောင်လေး ပင်ပန်းပြီး ချွေးတွေလည်းထွက်မှာပဲ၊ ငိုတဲ့အခါ မျက်ရည်က ပါးပြင်ပေါ်ကျ၊ ချွေးတွေက နဖူးကစီးပြီး မျက်စိထဲလည်း ဝင်ဖူးမှာပေါ့၊ ချွေးနှင့်မျက်ရည်ဟာ လူ့ကိုယ်ထဲက ထွက်တာမို့ မောင်လေးစိတ်ထဲမှာ အတူတူအောက်မေ့မှာပဲ၊ မတူဘူး မောင်လေး၊ ချွေးဟာ အညစ်အကြေးဖြစ်တော့ ပါးစပ်ထဲ မျက်စိထဲ ဝင်လို့မကောင်းဘူး။ အဆိပ်ဖြစ်တတ်တယ်။ **မျက်ရည်ကတော့ ဒီလိုမဟုတ်ဘူး။ မျက်လုံးကိုဆေးကြောဖို့ သဘာဝက ဖန်တီးထားတဲ့ ဆားရည်တစ်မျိုးဖြစ်လို့ မျက်ရည်ထဲမှာ အဆိပ် မပါဘူး။** စားပွဲဆားကို သန့်ရှင်းတဲ့ရေထဲမှာ သင့်တော်အောင် ဖျော်ထားရင် မျက်ရည် နှင့်အတူတူ လောက်ပဲလို့ ဆိုရမှာပဲ။ ဆားမပါဘဲ ရေချည်းဆိုရင် မျက်ရည်နှင့် တန်ဖိုးမတူသေးဘူး။ ဘာကြောင့်လဲဆိုတော့ ရေရိုးရိုးဟာ ဘယ်လောက်ပဲသန့်ရှင်းစေကာမူ အလွန်နူးညံ့သိမ်မွေ့တဲ့ အရာဝတ္ထုဆိုရင် ဉပါဒ်အန္တရာယ်ဖြစ်စေနိုင်တယ်။ ဥပမာ မျက်စိထဲ ရေရိုးရိုးဝင်ရင်တောင်ပဲ ဉပါဒ်ဖြစ်စေနိုင်တယ်။

**လူ့ခန္ဓာကိုယ်ကြီးကို ဆောက်တည်သန့်စွမ်းအောင် ပြုလုပ်နိုင်တဲ့ သဘာဝရေဟာ ဆားရည်ပဲ မောင်လေး။** ဆားရည်ဟာ လူကိုဉပါဒ်အန္တရာယ်မဖြစ်စေနိုင်တဲ့ အပြင် လူ့အသက်ကိုပါ ရှည်စေအောင် စွမ်းဆောင်နိုင်တယ်။ ဆရာဝန်ကြီးများဟာ ရေရိုးရိုးကိုသုံးမည့်အစား ဆားရည်ကို အသုံးပြုကြတာပေါ့။ ပြီးတော့ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ ဆေးကြောတဲ့အခါလည်း ဆားရည်ကို အသုံးပြုဖို့ ဒါကြောင့် တိုက်တွန်းတာပဲ။ မောင်လေး ငိုတဲ့အခါ မျက်ရည်ဟာ ပါးပြင်ပေါ်ကတစ်ဆင့် ပါးစပ်ထဲများဝင်လာရင်

မျက်ရည်ရဲ့အရသာဟာ ခပ်ငန်ငန်ကလေးဆိုတာ မောင်လေးသတိပြုမိမှာပေါ့။ နောက်တစ်ခါ မောင်လေးငိုရင် မျက်ရည် ဘာလို့ ငန်ပါလိမ့်လို့ စဉ်းစားစရာမလိုဘူး။ မျက်ရည်ကြောင့် မောင်လေးတို့မျက်လုံးကလေးတွေ ကြည်လင်နိုင်တယ်ဆိုတာသိနိုင်ပြီ။ ပြီးတော့ ဆားရည်နှင့် ဆားတန်ဖိုးကိုလည်း သိနိုင်ပြီမဟုတ်လား။

ဒီအကြောင်းကလေးတွေ အစ်မကြီးဖော်ပြတာဟာ မောင်လေးက လောကဓာတ်ပညာရဲ့ အခြေခံအသိဉာဏ်ကလေးဟာ ငိုရင်လည်း ဆည်းပူးနိုင်တယ်ဆိုတာ သိစေလိုလို့ပဲ။ မောင်လေး တွေးဆ၊ ကြံစည်သိတတ်ရအောင် နောင်တော့ မြန်မာပြည်မှာပေါက်ဖွားတဲ့ **မြန်မာ့သားကောင်းကလေးတွေဟာ အသိဉာဏ်ဗဟုသုတက မည့်ကြဘူး** လို့ လူမျိုးခြားတွေက မှတ်ချက်ချနိုင်အောင် မောင်လေးဟာ နေရာဌာနမှာ ဖျတ်လတ်ဖို့ ရေးသားလိုက်ရတာပဲ။ မောင်လေး ဉာဏ်ပညာတိုးပွားပါစေဆိုတာ နေ့တိုင်း ဆုတောင်းနေတယ်။ ။

[၁၁]

# မိုး ရေ

**မောင်လေး ...**

မောင်လေး ဗဟုသုတ တိုးပွားပါစေလို့ အစ်မကြီးဟာ ဆုလည်းတောင်းတယ်။ မောင်လေးကို ပြောစရာသင်စရာတွေလည်း အမြဲကြံဆနေခဲ့တယ်။ အစ်မကြီးတို့ စစ်ပြေးတုန်းက တောင်ပေါ်မှာ ရေတွင်းမရှိတော့ မြစ်ရေသောက်ရတယ်။ ရန်ကုန်နေပြည်တော်မှာတော့လည်း ပိုက်ကရေဟာ မြစ်ရေလို၊ မိုးရေလိုကောင်းတာပဲ။ တစ်ခါ မန္တလေးနေပြည်တော်မှာတော့ တွင်းရေဟာ ငန်ပြီးသောက်လို့ ရေငတ်လည်းမပြေ၊ အရသာလည်း မရှိခဲ့ဘူး။ ဆရာဝန်နှင့် ကျန်းမာရေး ပါရဂူတွေကလည်း တွင်းရေသာ သန့်ရှင်းစင်ကြယ်ပြီး တွင်းရေသာ သောက်သင့်တယ်။ ကန်ရေ၊ မြစ်ရေဟာ မသန့်ရှင်းလို့ ဥပါဒ်အန္တရာယ်မကင်းဘူးလို့ ပြောကြပြန်တယ်။ တွင်းရေကို သောက်မဖြစ်တော့ အစ်မကြီး စဉ်းစားတယ်။ တွင်းရေ၊ မြစ်ချောင်း–ကန်ရေတွေဟာ အားလုံး မိုးရေက လာတာပဲ၊ မိုးရွာတော့ မိုးရေတွေဟာ နိမ့်တဲ့ချိုင့်ဝှမ်းထဲကို စီးဝင်တော့ တစ်စတစ်စ ချောင်း၊ ကန်၊ မြစ်ဖြစ်လာတာပဲ။ မြေထဲစိမ့်ဝင်တာကလည်း တူးတော့ ရေတွင်းက ရေထွက်တာပဲ။ ဒီလိုဖြစ်လျက်နှင့် ဘာကြောင့် မြစ်ရေ မိုးရေဟာ သောက်လို့မဖြစ်ရမှာလဲလို့ ကြံဆကြည့်မိတယ်။

မိုးရေနှင့် ကန်ချောင်း မြစ်ရေတွေဟာ ဘာခြားနားသလဲဆိုတော့ မိုးပေါ်က တိုက်ရိုက်ကျလာတဲ့ ရေနှင့်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်ထဲရောက်သွားတဲ့ ရေကိုယှဉ်ကြည့်ရင် မိုးရေဟာ ချောင်းကန်ထဲမှာ မကျဘဲ သန့်ရှင်းစွာခံယူထားရင် သတ္တုဆားများ လုံးဝမပါလို့ ဘေးအန္တရာယ် မဖြစ်နိုင်ဘူး။ စိတ်ချလက်ချ သောက်သုံးနိုင်တယ်။ မြစ် ချောင်း အင်းအိုင်ထဲက ရေကတော့ သတ္တုဆားများပါနေလို့ စိတ်မချရဘူး။ ဒါပေမဲ့လို့

သတ္တုဆားအနည်းငယ်လောက်သာပါတဲ့ မိုးရေဆိုရင် အရသာလည်း ပိုရှိတယ်။ သောက်သုံးလို့လည်း ဥပါဒ်အန္တရာယ်ဖြစ်ဖို့ စိုးရိမ်စရာမရှိဘူးလို့လည်း ထင်စရာရှိတယ်။

မောင်လေး မိုးတွေများများရွာနေရင် မောင်လေးရေထဲမှာ အလဟဿ ဆော့မနေလေနှင့်။ မိုးရေကို ခံယူထားပြီး သောက်သုံးတယ်ဆိုရင် တယ်မဆိုးလှဘူး။ ဒါပေမဲ့ ရေတံလျှောက်ကခံယူတဲ့ မိုးရေထက် မိုးပေါ်ကတိုက်ရိုက်ကျတဲ့ရေဟာ သန့်ရှင်းကောင်းမွန်တယ်ဆိုတာတော့ သတိမလစ်စေနဲ့နော်။ ဒီနှစ်အစ်မကြီးတို့ အညာမှာ မိုးတွေကောင်းလွန်းလို့ မိုးရေရဲ့အကြောင်းကို မောင်လေးသိအောင် ရေးလိုက်ပြန်တယ်။ နောက်အပတ်မှ စပ်မိစပ်ရာ သိစရာလေးတွေ ရေးဦးမယ်။ ။

[၁၂]

# မိုး ရိပ် နှ င့် အ ကို က် အ ခဲ

**မောင်လေး ...**

ယခင်တစ်ပတ်က မိုးရေအကြောင်း ရေးမိတာနှင့် စကားစပ်မိလို့ သဘာဝနှင့် လောကဓာတ် ဆန်းကြယ်ပုံကို အစ်မကြီး ဆက်လက်ဖော်ပြချင်သေးတယ်။ မောင်လေးတို့တော့ ငယ်သေးလို့ သတိထားမိမယ်မဟုတ်ဘူး။ အစ်မကြီးတို့ လူကြီးပိုင်းမှာတော့ မိုးတိမ်တွေက မှုန်မှိုင်းအုံ့ဆိုင်းပြီး မိုးရွာချင်ပြီဆိုရင် လူကြီးတွေဟာ သူတို့နှင့် ဆိုင်ရာဆိုင်ရာ ဖြစ်တတ်တာကလေးတွေကို ပြောပြတတ်ကြတယ်။ ဒီနေ့တော့ ဒူးကိုက်တယ်ဟေ့၊ မိုးရွာလိမ့်မယ်။ အချို့ကလည်း မိုးရွာချင် ခေါင်းကိုက်ကြ၊ လက်ကိုက်ကြ အမျိုးမျိုးဖြစ်ကြတယ်။ ဒီအကြောင်းကို အစ်မကြီး စဉ်းစားရသမျှ ရှင်းပြဦးမယ်။ ဖြစ်ရမယ်လို့တော့ မဟုတ်ဘူး။ ယခုလို ဖြစ်နိုင်စရာ အကြောင်းရှိတယ်။ မိုးရွာတော့မယ်ဆိုတော့ ကောင်းကင်မှာရှိတဲ့ မိုးတိမ်နှင့် မြေကြီးရဲ့ စပ်ကြားမှာ အလွန်ပြင်းတဲ့ လျှပ်စစ်တွေဟာ အထူးလှုပ်ရှားနေတတ်တယ်။ လောကဓာတ်ကြီးတစ်ခုလုံးမှာရှိတဲ့ သစ်ပင်၊ ကျောက်တုံး၊ လူသတ္တဝါနှင့် အားလုံးသတ္တုတွေထဲလည်း ဒီလျှပ်စစ်ဓာတ်တွေ ပါဝင်တာပဲ။ အနည်းနှင့်အများ ပါဝင်ကြတဲ့အထဲမှာ လူခန္ဓာကိုယ်မှာ လျှစ်စစ်ဓာတ်အများဆုံး ပါဝင်တယ်။ လူ့ရဲ့ အာရုံကြောတွေဟာ ဓာတ်ကြိုးများသဖွယ်ပဲ အသုံးကျတာပဲ။ အာရုံကြောတွေက သူတို့ရဲ့ ဌာနချုပ်ဖြစ်တဲ့ ဦးနှောက်မှာ အကုန်စုတာပဲ။ ကောင်းကင်က လျှပ်စစ်ဓာတ်တွေက လှုပ်ရှားတော့ လူခန္ဓာကိုယ်ထဲက လျှပ်စစ်ဓာတ်တွေကလည်း လှုပ်ရှားလာတော့တာပဲ။ ဒါကြောင့် ခေါင်းကိုက် ဇက်လေးစတဲ့ ရောဂါတွေဟာ မိုးအုံ့တဲ့အခါ ဖြစ်ပေါ်လာတာပဲလို့ အစ်မကြီး ယူဆမိတယ်။

လူတွေရဲ့ ကျန်းမာရေးသာ ဖောက်ပြန်တာမဟုတ်ဘူး မောင်လေး၊ မိုးအုံ့တဲ့အခါ၊

မိုးကြိုးတွေ ထစ်ချုန်းတဲ့အချိန်မှာဆိုရင် နွားနို့တွေဟာ ပျက်တတ်တယ်။ ချဉ်သွားတတ်တယ်။ ဒါကြောင့် လူရဲ့ကျန်းမာရေးဖောက်ပြန်မှုဟာ မိုးအုံ့တာကြောင့်လို့ တိုက်ရိုက်မစွပ်စွဲနိုင်ပေမဲ့လို့ လျှပ်စစ်ဓာတ်ကြောင့် ဖောက်ပြန်မှုတွေ ဖြစ်လာတယ်ဆိုတာ သွယ်ဝိုက်ယူဆနိုင်တယ်။ မောင်လေးဟာ လောကဓာတ်ကြီးရဲ့ ဖြစ်ပျက်ပုံတွေကို စေ့စေ့စပ်စပ် ယခုလို ကြံဆနိုင်ရင် မောင်လေးဟာ နျူတန်တို့ အက်ဒီဆင်တို့လို လူသေသွားသည့်တိုင်အောင် နောက်လူတွေဆည်းပူးဖို့ ပညာတွေကို ထားရစ်ခဲ့နိုင်မယ်။ ဒီလိုထားခဲ့နိုင်တဲ့ ယောကျ်ားမှသာ ရာဇဝင်အတ္ထုပ္ပတ္တိတွေမှာ မြန်မာ့သားကောင်းတစ်ယောက်အဖြစ် ပါဝင်နိုင်မှာပဲ။ မောင်လေးတို့မှာ ဘုရားဆုပန်ယောကျ်ားဘဝရလျက် မကြိုးစားဘဲနေလို့ရှိရင် "ဝမ်းဝအိပ်ခါ သက်တစ်ရာဖြင့် ခန္ဓာမြင့်ရှည် ဘယ်သို့တည်လည်း လူရည်လူမျှ မခေါ်ကြလင့်" ဆိုတဲ့ စာလို စားအိပ်သေတဲ့ လူ့ဘဝကို မလိုချင်ပါနှင့်။ လူလို့ခေါ်ထိုက်အောင် လူ့ဘဝရကျိုးနပ်အောင် ကြိုးစားပါလေ။ ။

[၁၃]

# သံ နှ င့် သ စ် သ ၁း

**မောင်လေး ...**

ဒီနေ့နံနက် ထင်းခွဲဖို့ ဓားနှင့် သစ်တုံးတစ်ခုကို ကိုင်လိုက်တာနှင့်ပဲ မောင်လေးကို စာရေးပြီး ပြောစရာကလေးတစ်ခုကို သတိရလာတယ်။ အစ်မကြီးဟာ သံနှင့်လုပ်ထားတဲ့ ထင်းခုတ်ဓားမကြီးကို ကိုင်လိုက်တဲ့အခါ အေးစက်နေတာကို တွေ့ရတယ်။ ဒါပေမဲ့လို့ သစ်သားကလေးကတော့ တယ်ပြီးမအေးလှဘူး။ ဓားရဲ့လက်ကိုင်ဟာ သစ်သားနှင့် လုပ်ထားတော့ မအေးဘူး။ သံပြားဖြစ်တဲ့ ဓားသွားဟာ အလွန်အေးတာပဲ။ ဘာကြောင့်လဲလို့ အစ်မကြီးစဉ်းစားမိတယ်။ အရာဝတ္ထုကပဲအေးလို့လား၊ အစ်မကြီး လက်တွေကပဲ အေးလို့လားလို့ ဆင်ခြင်ကြည့်တယ်။ အမှန်တော့ကာ ကိုင်တွယ်လိုက်တဲ့ အရာဝတ္ထုက အေးတာပဲ။ အေးတဲ့ ဝတ္ထုပစ္စည်း၊ အအေးဓာတ်များများပါတဲ့ ဝတ္ထုပစ္စည်းတွေဟာ အပူကို စုပ်ယူနိုင်တယ်။ ဒါကြောင့် အေးနေတဲ့ ဝတ္ထုပစ္စည်းကို ထိလိုက်ရင်ပဲ ဒီအအေးဓာတ်က လူ့ခန္ဓာကိုယ်ထဲက အပူရှိန်ကို ထိလိုက်တဲ့နေရာကနေပြီး စုပ်ယူလိုက်တဲ့အခါမှာ အပူထွက်သွားတဲ့ လက်ဖျားကလေးတွေဟာ အအေးဆိုတဲ့ ခံစားမှုကလေးကို တွေ့ထိတိုင်း ခံစားလိုက်ရတာပဲ။ ဒါကြောင့် ကျောက်ပြားတို့ သံနှင့်လုပ်ထားတဲ့ အရာဝတ္ထုတို့ကို ကိုင်တွယ်တဲ့အခါ အေးသွားတာချည်းပဲ။ အဲဒီဝတ္ထုပစ္စည်းတွေဟာ အပူကိုစုပ်ယူရာမှာ အမြန်စုပ်ယူနိုင်တယ်။ ဝါဂွမ်းတို့ သစ်သားတို့ကတော့ သူတို့မှာ အအေးဓာတ်များများမပါတော့ အပူကိုများများမစုပ်ယူနိုင်ဘူး။ ဆောင်းတွင်းနှင့် ဥပမာပြရရင် ဆောင်တွင်းကျရင် အစ်မကြီးတို့ အညာမှာ ခိုက်ခိုက်တုန်အောင် ချမ်းတာပေါ့။ အပြင်ပတ်ဝန်းကျင်က အေးလေလေ၊ လူ့ခန္ဓာကိုယ်ထဲက အပူရှိန်တွေက ထွက်လေလေပဲ။ အပူရှိန်တွေထွက်သွားတဲ့အခါမှာ အသွေးအသားက အပူဒီဂရီ အချိန်လျော့သွားတော့ ခိုက်ခိုက်တုန်အောင် ချမ်းတာပဲ။

ဒီလိုချမ်းလာတဲ့အခါ လူ့ကိုယ်ထဲက အပူရှိန် အထွက်သက်သာပါစေဆိုတဲ့သဘောနှင့် လူခန္ဓာကိုယ်ကို ဝါဂွမ်းထည်သိုးမွေးထည်များနှင့် ရစ်ပတ်ဝတ်ဆင်ပြီး အအေးကို ကာကွယ်ရတယ်မဟုတ်လား။ မောင်လေး ချမ်းတဲ့အခါ အနွေးထည်တွေ ဝတ်ကြတာဟာ သာမန်အားဖြင့် ဘာမှမထူးဆန်းပေမဲ့လို့ **စေ့စေ့စပ်စပ် တွေးလိုက်ရင် လောကဓာတ်နည်းအရ သဘာဝကိုကာကွယ်ကြရတယ်ဆိုတာကို သိနိုင်တာပဲ။**

ဆောင်းတွင်းမှာ သွပ်မိုးအိမ်၊ သွပ်ကာအိမ်များ၊ အုတ်တိုက်များဟာ နေရတာ တော်တော်စိမ့်တယ်။ သံပါတဲ့ပစ္စည်းဟာ အအေးဓာတ်များလို့ဆိုတာ သိနိုင်တာပေါ့။ မောင်လေး စာကြည့်တဲ့အခါ ထိုင်ရင် အုတ်နံရံကို မှီပြီးမထိုင်လေနှင့်။ အုတ်က အအေးဓာတ်က မောင်လေးမှီတဲ့နောက်ကျောမှာ ကပ်နေတဲ့ အဆုတ်ထဲက အပူရှိန်ကိုစုပ်ယူလို့ အဆုတ်အအေးမိသွားရင် မောင်လေးဟာ အဆုတ်နာရောဂါသည်ကလေး ဖြစ်လာတတ်တယ်။ လောကဓာတ်နည်းအရ မောင်လေးခန္ဓာကိုယ်ကိုလည်း အများကြီး ဂရုစိုက်ဖို့ လိုသေးတယ်ဆိုတာကို ဒီနေ့နံနက် သတိရလို့ မောင်လေးကို သတိပေးလိုက်တယ်။ မောင်လေး အမြဲလိုက်နာနိုင်ရန် ကြိုးစားပေတော့။ ။

[၁၄]

# ကြွေပန်းကန်နှင့် လောကဓာတ်

**မောင်လေး ...**

ကမ္ဘာစစ်ကြီးဖြစ်လိုက်တာ အိမ်ထောင်မှု အသုံးအဆောင်တွေ ပျောက်တာပျောက်၊ ကွဲတာကွဲ၊ ဖြစ်သလို နေကြရတယ်။ ရှေးတုန်းက ဝါနေတဲ့ ပန်းကန်တွေကိုလည်း သုံးကြရတော့တာပဲ။ ကြွေပန်းကန်တွေကို မောင်လေး သတိထားကြည့်မိရဲ့လား။ ဂျပန်လုပ်ပန်းကန်တွေဟာ ခဏပန်းသာ လှပေမဲ့လို့ တချို့ဟာ သုံးလို့မကြာခင်ပဲ သံချေးအဝါအက်ကြောင်းနဲ့ အဝါစက်တွေ ပန်းကန်ပေါ်မှာ ပေါ်ပေါက်လာကြတယ်။ ဒါတွေ ဘာကြောင့်လဲလို့မေးရင် မောင်လေးတို့က ဂျပန်လုပ်တွေမို့လို့ သာမန်သာ ဖြေမှာပဲ။ ဂျပန်လုပ်ဟာ ဘာကြောင့် ယခုလို အဝါစက်တွေ ပေါ်ပေါက်လာရသလဲလို့ ဓာဒကတက်ပြီးမေးရင် မောင်လေးသိစရာကို အစ်မကြီး ဖော်ပြဦးမယ်။ ကြွေပန်းကန်တွေဟာ ရွှံ့၊ သဲ၊ ကျောက်၊ သံစတဲ့ သတ္တုတွေပါတဲ့ ရွှံ့မြေကို ဖြူအောင်ဖုတ်ရတယ်။ သံကို လုံးဝပျောက်သွားအောင် ချွတ်ရတယ်။ သံကိုစင်အောင်ချွတ်နိုင်မှသာ အဝါရောင်မပါဘဲ ချစ်စရာလိုချင်စရာကောင်းအောင် ဖွေးဖွေးဖြူလာနိုင်တယ်။ သံကိုချွတ်ကြပုံကတော့ ဒီသတ္တုအမျိုးစုံပါတဲ့ မြေကြီးကို သံလိုက်ကိရိယာများ ထည့်သွင်းထားတဲ့ ကန်ကြီးတွေထဲထည့်ပြီး သံကို သံလိုက်နှင့် ဆွဲယူနုတ်ပစ်ရတယ်။ နောက်ပြီးမှ အိုးခွက်အဖြစ် ဓာတ်မီးဖိုကြီးတွေထဲမှာ ထည့်ပြီးဖုတ်ရတယ်။ အဲဒီလိုလုပ်တဲ့အခါ တစ်ခါတစ်ရံ သံတွေဟာ မစင်ဘဲ မြေထဲကျန်ရစ်တာပေါ့။ ကျန်ရစ်တဲ့မြေကို အိုးခွက်ပန်းကန်လုပ်တဲ့ ဖုတ်တဲ့အခါမှာ အဝါစက်တွေပေါ်လာတော့တာပဲ။ သံစင်ကြယ်တော့ အလွန်ဖြူဖွေးလှပတဲ့ ပန်းကန်ကလေးတွေ ဖြစ်ပေါ်လာတာပဲ။ ကြွေပန်းကန်တွေကို ရှေးဦးစွာ တရုတ်လူမျိုးများက ဖန်တီးလိုက်တာပေါ့။ နောက်မှ အနောက်နိုင်ငံက လောကဓာတ်ပညာနှင့် ကောင်းသည်ထက်ကောင်းအောင်

ဖန်တီးလုပ်ဆောင်လာကြတယ်။

မောင်လေးကို လောကဓာတ်ပညာနှင့် သဘာဝအကြောင်းအရာတွေကို အိမ်တွင်းမှာပဲ ဘယ်လိုဆည်းပူးယူရမယ်ဆိုတာကို အစ်မကြီး ဥပမာပြပြီး အစဖော်ပေးနိုင်ရုံပဲ ရှိတယ်။ မောင်လေးတို့ကိုယ်တိုင် တကယ်သိချင် တတ်ချင်တဲ့စိတ်ကလေးတွေနှင့် ရှာဖွေမေးမြန်း စုဆောင်းဖတ်ရှုမယ်ဆိုရင် လောကဓာတ်ကြီး ကျယ်ဝန်းဆန်းကျယ်သလောက် လောကဓာတ်ပညာဟာလည်း ဆန်းကြယ်နက်နဲတာကို တွေ့ရလိမ့်မယ်။ နောက်စာများမှာ မောင်လေးကို ဥယျာဉ်ထဲမှာ လသာသာမှာ လမ်းလျှောက်ရင်း လောကဓာတ်ဆန်းကြယ်ပုံကို ဆည်းပူးနိုင်အောင် အစ်မကြီး ဆက်လက်ဖော်ပြဦးမယ်။ ။

[၁၅]

# သ စ် ပ င်

**မောင်လေး ...**

ဥယျာဉ်ထဲမှာ ဖြစ်ဖြစ်၊ အခြားတစ်နေရာမှာပဲဖြစ်ဖြစ် လမ်းလျှောက်သွားတဲ့အခါ စိမ်းလန်းစိုပြည်တဲ့ သစ်ပင် ပန်းပင်တွေကိုမြင်ရင် မောင်လေးစိတ်ကြည်နူးရုံမှအပ ဘာမှ မတွေးမိဘူးလား။ သစ်ပင်တွေဟာ စကားမပြောနိုင်၊ လမ်းမလျှောက်နိုင်တာက လွဲပြီး လူ၊ တိရစ္ဆာန်တို့လို အသက်ရှိတာပဲဆိုတာကို မောင်လေးတွေးမိမှာပေါ့။ ဟုတ်တယ် မောင်လေး၊ သူတို့ဟာ အခြားသက်ရှိသတ္တဝါတွေလိုပဲ လေလည်းရှူတယ်။ ရေလည်း သောက်တယ်။ အခြားဩဇာတွေကိုလည်း စားတယ်။ လေကို ဘယ်ကနေရှူလိုက်တယ်ဆိုတော့ အရွက်ကလေးတွေကနေပြီး ရှူတယ်။ အရွက်ကလေးတွေကို နေရောင်မှာ ထောင်ကြည့်ရင် အကြောသေးကလေးတွေ မြင်ရတယ်။ ဒီအကြောကလေးတွေက တစ်ဆင့် အကိုင်း၊ အခက်၊ အလက်တွေကို ပျံ့နှံ့ရတာပဲ။ အမြစ်က ရေသောက်ပြီး တစ်ဖန်တစ်ပင်လုံးကိုလည်း ပျံ့နှံ့ရတယ်။ ပြီးတော့ လူများလို နေရောင်ခြည်လည်း လိုသေးတာပဲ။ နေရောင်ခြည်ထဲက "ကလိုရိုဖီးလ်" ဆိုတဲ့ ဓာတ်ကိုရလို့သာ သစ်ရွက်ကလေးတွေဟာ စိမ်းနေတာပေါ့။ စပါးပင်ကလေး၊ ဂျုံပင်ကလေးလို တစ်ခုခုကို မောင်လေး နေကွယ်ပြီး ခွက်တစ်ခုခုနှင့် ၄-၅ ရက်အုပ်ထားကြည့်ပါလား။ မောင်လေးသစ်ရွက်လေးတွေဟာ နေရောင်ခြည်မရလို့ ကလိုရိုဖီးလ်ဓာတ်မသန်ဘဲ ဝါနေတာတွေ့ရလိမ့်မယ်။ **မောင်လေးဟာ သစ်ပင်ကလေးမြင်ရင်ပဲ သစ်ရွက် ဘာလို့စိမ်းပါလိမ့်မလဲလို့ စဉ်းစားရင် အဖြေရနိုင်ပြီမဟုတ်လား။**

ပြီးတော့ မောင်လေးဟာ သစ်ကိုင်းတွေကိုကြည့်ပြီး ဒီသစ်ကိုင်းတွေဟာ ဘာကြောင့် အောက်စိုက်မပေါက်ဘဲ အေးကိုလက်များဆန့်တန်းထားသလို ပေါက်ရောက်ပါလိမ့်လို့

မစဉ်းစားမိဘူးလား။ လူနှင့် တူတူပဲမောင်လေး။ တို့များဟာ လေကောင်းလေသန့်နှင့် နေရောင်ခြည်ရအောင် အိမ်တွေမှာ ပြတင်းပေါက် ထားရတယ်မဟုတ်လား။ သစ်ပင်မှာလည်း ဒီလိုပဲ သစ်ရွက်ကလေးတွေကတစ်ဆင့် လေရှူရတယ်။ နေထဲ၊ လေထဲမှာရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဆိုတဲ့ ဓာတ်ကို ယူသုံးမှီဝဲရတယ်။ ဒါတွေကို သစ်ပင်သန်စွမ်းဖို့အတွက် ရနိုင်သလောက် လိုနေတဲ့အတွက် သစ်ပင်ရဲ့သစ်ကိုင်းတွေဟာ ပတ်ဝန်းကျင်အရပ်ကို ဖြန့်မှုပြီး ပေါက်ရောက်ရတယ်။ ဒါမှသာ လေတို့၊ နေရောင်ခြည်တို့ လုံလောက်အောင် သောက်သုံးရပေမှာပဲ။

မောင်လေးတို့ဟာ တရုတ်စကားပင်တို့၊ သဘော်ပင်တို့၊ ဆယ့်နှစ်ရာသီဆိုတဲ့ ပန်းပင်တို့ ကိုင်းကိုချိုးကြည့်ဖူးရဲ့လား။ ချိုးလိုက်ရင် နို့ရည်လိုအစေးများ ထွက်လာတာ တွေ့ရလိမ့်မယ်။ ဒါတွေဟာ အခြားသစ်ပင်မှာမရှိဘဲ ဘာကြောင့် ဒီသစ်ပင်အမျိုးအစားမှာသာ ရှိရသလဲဆိုတာ မောင်လေး စဉ်းစားစရာ ပြဿနာတစ်ရပ်မဟုတ်ဘူးလား။ အစ်မကြီးဖော်ပြခဲ့တဲ့ သစ်ပင်တွေဟာ အများအားဖြင့် အပူပိုင်းဇုန်မှာ ပေါက်ရောက်တဲ့အပင်တွေပဲ။ အပူပိုင်းဇုန်ဆိုတဲ့ ဒေသတွေမှာ မိုးတွင်းမှာမိုးအနည်းငယ်သာရွာပြီး အခြားဥတုတွေမှာ မိုးခေါင်တယ်။ ဒီတော့ သစ်ပင်တွေဟာ မိုးမရွာတဲ့ ဥတုမှာ သောက်သုံးဖို့ ရေကို သူတို့အသွေးအကြောထဲမှာ စုထားရတယ်။ ဒါကြောင့် အပူပိုင်းဇုန်မှာ ပေါက်ရောက်တဲ့ သစ်ပင်တွေကထွက်တဲ့ အဖြူရည်ကလေးတွေဟာ သစ်ပင်တွေက သူတို့ကိုယ်ရေးကိုယ်တာအတွက် တစ်နှစ်စာဖူလုံအောင် သိမ်းဆည်းထားတဲ့ ရေပဲဆိုတာကို မောင်လေး နားလည်မှတ်သားထားပေတော့။ ဒါတွေအပြင် မောင်လေး ဆည်းပူးစရာတွေ အမြောက်အမြားရှိသေးတယ်။ ဥပမာဆိုရင် မန်ကျည်းပင်၊ ကုက္ကိုပင်အစရှိတဲ့ အပင်မျိုးတွေဟာ နေဝင်ရင်လူလိုပဲ အရွက်ကလေးတွေဟာ တစ်ခုနှင့်တစ်ခုယှက်ပြီး အိပ်ကြတယ်။ အချို့ကတော့ မအိပ်ဘူး။ ဒါတင် မကသေးဘူး။ သစ်ပင်တိုင်းဟာ တစ်ခုနှင့်တစ်ခု မတူဘူး။ အနွယ်ပင်တွေဟာ အထက်ကိုသာနွယ်နွယ်ပြီး တက်နေတယ်။ သူတို့က နေရောင်ကို အလွန်နှစ်သက်ကြလို့ နေရှိရာကိုသာ နွယ်တက်ကြတာပေါ့။ မောင်လေးရဲ့ အချိန်တွေကို အလကားမဖြုန်းဘဲ တွေးရမယ်။ မကြံတွေးတတ်ရင် မေးရမယ်။ သဘာဝကြီးကတော့ တော တောင် ရေ မြေ သတ္တဝါတွေကို ဖန်တီးတယ်။ ဒီ တော တောင် ရေ မြေ သတ္တဝါတွေဟာလည်း သူတို့သက်တမ်း တည်တံ့ရေးအတွက် သဘာဝကို တစ်လှည့် လိုက်လျောရပြန်တယ်ဆိုတာ မောင်လေး ရိပ်မိလောက်ပါပြီ။

မောင်လေးကိုလည်း မောင်လေးမိဘက ပေါက်ဖွားထားလို့ လူဖြစ်လာရတယ်။ မိဘက မောင်လေးကို ချစ်တယ်။ တတ်စေချင်တယ်။ လိမ္မာစေချင်တယ်။ မောင်လေးက

စေ့စေ့စပ်စပ် ရှာဖွေစဉ်းစားတတ်တဲ့ သားကလေးဖြစ်လာလို့ မောင်လေး မိခင်ဖခင်တို့ကို မေးရင် မောင်လေးမိဘတွေက အဖြေရှာရတော့မယ်။ သူတို့ကိုယ်တိုင်မသိရင် ဆရာသမား တွေကို လွှဲအပ်ရတော့မယ်။ ဆရာသမားတွေကလည်း ဖြေနိုင်အောင် ကြိုးစားကြမှာပဲ။ ဒီတော့ တစ်ယောက်နှင့်တစ်ယောက် လိုက်လျောရမယ့် သဘာဝဆန္ဒအလျောက် အဆင့် ဆင့် ကြိုးစားကြမယ်ဆိုရင် မောင်လေးနှင့်ပတ်သက်ပြီး လူကြီးတွေ တသီတတန်းကြီးဟာ ဗဟုသုတကို ရှာဖွေဆည်းပူးရရှာတော့မယ်။ ဒါကြောင့် မောင်လေးသာ သိချင်တတ်ချင် ရှာဖွေစူးစမ်းချင်တဲ့ မြန်မာ့သားကောင်းကလေးဖြစ်ခဲ့ရင် မောင်လေးကို အကြောင်းပြုပြီး အမြောက်အမြား သုတပွားစရာရှိတာပေါ့။ ။

[၁၆]

# ပန်းမာလာနှင့် ပျားပိတုန်းလိပ်ပြာများ

မောင်လေး ...

မောင်လေးမှာ ကစားဖော်တွေ အများကြီးရှိသလိုပဲ ပန်းပွင့်ကလေးမှာဆိုရင် မိတ်ဆွေတွေ အများကြီးရှိတာပေါ့။ သူတို့လို ပန်းပွင့်ကလေးတွေအပြင် သူတို့ဆီကို အလည်လာတဲ့ ပျားပိတုန်း၊ လိပ်ပြာကလေးတွေပဲ။ မောင်လေးမိတ်ဆွေတွေကို မောင်လေးကလည်း လက်ဆောင်ပေးတယ်။ သူငယ်ချင်းတွေဆီကလည်း မောင်လေး လက်ဆောင်ခဏခဏရတာပဲ မဟုတ်လား။ ဒီလိုပဲ ပန်းကလေးနှင့် သူ့မိတ်ဆွေတွေဟာ တစ်ဦးနှင့်တစ်ဦး ပေးကြကမ်းကြ၊ လက်ဆောင်လည်း ယူကြတယ်။ လိပ်ပြာတို့၊ ပိတုန်းတို့ဟာ ပန်းကလေး တစ်ပွင့်အထဲက ဝတ်ရည်ကို သူတို့နှာမောင်းကလေးနှင့် စုပ်ယူကြတဲ့အခါ သူတို့ကိုယ်ပေါ်ကို ပန်းဝတ်မှုန်ကလေးတွေ ကပ်ပါတတ်တယ်။ တစ်ခါ ဒီတစ်ပွင့်ကနေပြီး နောက်တစ်ပွင့်ကို နားပြန်တဲ့အခါ ကိုယ်ပေါ်က ဝတ်မှုန်တွေဟာ ဝတ်ရည်အစုပ်ခံရတဲ့ ပန်းပွင့်ပေါ်ကို ကျပြန်ရော။ ဒီဝတ်မှုန်ကလေးတွေက အဖိုပွင့်က ဝတ်မှုန်ဖြစ်လို့ မပွင့်ဖြစ်တဲ့ မျိုးစေ့အိမ်မှာ ကျရောက်လို့ရှိရင် မျိုးစေ့အိမ်က အသီးသီးပြီး ပန်းပင်မျိုးပွားနိုင်တာပေါ့။

မောင်လေး လူဟာလည်း မိတ်ဆွေသင်္ဂဟ အပေါင်းအဖော်မရှိဘဲ မကြီးပွား၊ မထွန်းကားနိုင်သလို ပန်းပွင့်ကလေးတွေဟာလည်း သူတို့ကြင်ဖော်ဖြစ်တဲ့ မိတ်ဆွေပျားပိတုန်း လိပ်ပြာတို့နှင့် ကင်းပြီးမဖြစ်နိုင်ဘူး။ မောင်လေးမယုံရင် အိမ်မှာ ဘူး၊ ဖရုံပင်တွေ မသီးဘဲနေရင် ပွင့်တဲ့အခါ လိပ်ပြာကလေးတွေဖမ်းပြီး ပန်းဝတ်ရည်စုပ်ရအောင် ပန်းပွင့်ပေါ်ကို တင်ထားနားခိုင်းကြည့်စမ်းပါလား။ လိပ်ပြာကလေး ပျားပိတုန်းကလေးတွေဟာ လာရင်းတော့ ပန်းကသင်းပျံ့တဲ့ ရနံ့ကလေးတွေ ရတဲ့အခါ သူတို့စိတ်က ဆွဲဆောင်တိုင်း ဝတ်ရည်လာစုပ်ကြတာပေါ့။ ဒါပေမယ်လို့ သူတို့လာလည်တဲ့အတွက် အမျိုးဆက်နိုင်တဲ့ ဝတ်မှုန်

ကလေးတွေကို ပန်းကလေးတွေကတစ်ဆင့် ရရှိနိုင်တာပဲ။

ကဲ–မောင်လေး ဉယျာဉ်ထဲမှာ ကစားရင်း လောကဓာတ်ပညာကို ဘယ်လိုဆည်းပူးနိုင်တယ်ဆိုတာ အစ်မကြီးလမ်းကြောင်းပြပြီးပြီ။ နောက်ထပ် ကြံဆစရာတွေတော့ မရေမတွက်နိုင်အောင် ရှိသေးတာပေါ့။ အဲဒီမရေမတွက်နိုင်တာတွေကို နိုင်သမျှ ကြံဆဖို့ မောင်လေးရဲ့တာဝန်ပဲဆိုတာ မှတ်ယူရမယ်။ ။

[၁၇]

# နေ လ ကြယ် တာ ရာ နက္ခတ်

မောင်လေး ...

လောကဓာတ်ပညာတွေ ဆည်းပူးမယ်ဆိုရင် အများကြီးပေါ့။ နေ၊ လ၊ နက္ခတ်၊ ကြယ်တာရာကြီး အကြောင်းတွေလည်း သိဖို့လိုသေးတာပဲ။ မောင်လေးတို့ဟာ ငယ်သေးတော့ သေးငယ်တဲ့အရာကလေးတွေသာ စဉ်းစားတွေးတော သိထားရမယ်။ နေဟာ ကမ္ဘာထက် အဆပေါင်းများစွာ ကြီးပြီး နေနှင့်ကမ္ဘာကြီးဟာ မိုင်ပေါင်း ၉၃ သန်း ကွာဝေးတယ်။ လနှင့်တော့ မိုင်ပေါင်း ၂၅ သိန်းလောက် ဝေးလိမ့်မယ်။ လောကဓာတ် ဆရာကြီးတွေဟာ တောတောင်နည်းပါးတဲ့ သဲကန္တာရထဲကနေပြီး ပက်လက်အိပ်ရာက ပေ ၅၀၀၀ လောက် ဖောက်ထွင်းမြင်နိုင်တဲ့ မှန်ဘီလူးကြီးတွေနှင့် ဒီပညာတွေ ဆည်းပူးရတယ်။ ညညမှာ မောင်လေးမြင်ရတဲ့ ကြယ်တွေဟာ အားလုံး ကြယ်မဟုတ်ဘူး။ စိန်များလို ဝင်းလက်ပြီး မှိတ်တုံလင်းတုံဖြစ်နေမှသာ ကြယ်လို့ခေါ်ရမယ်။ မမှိတ်မတုံလင်းနေတာကလေးတွေကတော့ နက္ခတ်တွေပဲ။ သူတို့ဟာ အမြင်သေးတာက ကမ္ဘာကြီးနှင့် အလွန်ဝေးလို့ပဲ။ အမှန်တော့ အကြီးကြီးတွေပဲ။

ရွှေလမှာယုန်ဝပ်လို့ ဆန်ဖွပ်တဲ့အဘိုးအိုဆိုတာရော မောင်လေး ယုံတုန်းပဲလား။ ဒါကတော့ ကလေးချော့တာပဲနော်၊ လထဲမှာ မောင်လေးမြင်ရတဲ့ မျက်နှာလို အစိုင်းကြီးတွေဟာ လ ဆိုတဲ့ကမ္ဘာမှာရှိတဲ့ တောင်ကုန်းနဲ့ မီးတောင်အဝတွေပဲ။ မှန်ဘီလူးနှင့် ကြည့်ပြီး အတိုင်းအထွာကို တွက်ချက်ကြည့်တဲ့အခါ လူတွေရဲ့ကမ္ဘာမှာရှိတဲ့ မီးတောင်ကြီးတွေထက် အဆပေါင်းများစွာ ကြီးတယ်ဆိုတာကို ခန့်မှန်းရတယ်။

မောင်လေးအတွက် ဒီ နေ လ နက္ခတ်တာရာတွေကို အကျယ်ဖော်ပြနေရင် မောင်လေး အဖို့ ခေါင်းရှုပ်ပြီး ပျင်းလာလိမ့်မယ်။ အစ်မကြီးရေးရတာဟာ လောကဓာတ်ပညာရဲ့

အရိပ်အမြွက်တစ်စိတ်တစ်ဒေသကလေးပဲ။ ဘာမှ မဖြစ်လောက်ဘူး။ ဒီလိုအစဖော်ပေးမှ မောင်လေးပိုပြီး သိချင်လာပြီး ရှာဖွေကြံဆလုပ်ကိုင် တီထွင်နိုင်ပါလိမ့်မယ်လို့ ယူဆလို့ တတ်အားသမျှ ဖော်ပြလိုက်ပါတယ်။ နောက်စာများမှာတော့ အစ်မကြီး မောင်လေးတို့ကို ပေါင်းသင်းဆက်ဆံရေးနှင့် စာရိတ္တကောင်းမွန်ရေးကို အစ်မကြီး ဉာဏ်မီသမျှ မောင်လေးတို့ နားဝင်လောက်အောင် ဖော်ပြဦးမယ်။ မောင်လေးတို့ ကျန်းမာရေးအတွက်တော့ မောင်လေးတို့နောင်တော်ကြီး ဦးဇော်ဝိတ်ရှိနေလို့ အစ်မကြီးတာဝန်လို့ မယူဆတော့ဘူး။ ဒါကြောင့် တစ်ခန်းသီးသန့် အစ်မကြီး မရေးတော့ဘူး။ ဒီစာကို ဒီတွင်ပဲ ရပ်နားဦးစို့။

[၁၈]

# လောကဓာတ်နှင့် ပေါင်းသင်းဆက်ဆံရေး

**မောင်လေး ...**

**လယ်ယာစိုက်ပျိုးရေးထွန်းကားတဲ့ အစ်မကြီးတို့ မြန်မာနိုင်ငံကို စက်မှု လက်မှု နိုင်ငံကြီး ဖြစ်လာနိုင်အောင် မောင်လေးတို့ဟာ လောကဓာတ်ပညာတွေကို စိတ်ဝင်စားဖို့ အစ်မကြီး အစဖော်ပေးခဲ့ပြီ။** ဒါပေမဲ့လို့ လောကဓာတ်ပညာတို့ သဘာဝတ္တ ပညာတို့ကို အလွန်လိုက်စားတဲ့လူများဟာ ပေါင်းသင်းဆက်ဆံရေးမှာ ညံ့တယ်လို့ လူများက ယူဆကြတယ်။ အမှန်တော့ ဒီလူတွေဟာ တခြားပေါ့ပေါ့ဆဆ နေတဲ့ လူတွေလို ပျော်မှုပါးမှု သောက်စားမှုတွေမှာ အပေါင်းအသင်းတွေနှင့် အချိန်မဖြုန်းနိုင်လို့ ဒီလိုအစွပ်စွဲခံကြရတာပဲ။ သူတို့အဖို့မှာ အလုပ်ဟာအဖော်ပဲမောင်လေး။ အစ်မကြီး သိစေလိုတဲ့ ပေါင်းသင်းဆက်ဆံရေးကို ဆိုလိုတယ်။ တာဝန်ဝတ္တရား သိတတ်တဲ့လူ တစ်ယောက်ဟာ ဘယ်သူနှင့်မဆို အပြစ်ကင်းစွာ ပေါင်းသင်းနိုင်လိမ့်မယ်လို့ ယူဆမိတယ်။

လောကဓာတ်က ရှိရှိသမျှ တော တောင် ရေ မြေ သတ္တဝါတွေဟာ အဖော်နှင့် ကင်းပြီး မတင့်တယ်နိုင်ကြဘူး။ ရေကန်ကြီးဟာ ကြာမျိုးငါးပါးနဲ့တန်ဆာဆင်မှ လှပတယ်။ တောတောင်ကို သစ်သီးဝလံ ပန်းမန်စုံတဲ့ သစ်ပင်များ တန်ဆာဆင်မှလှတယ်။ အသက်ရှိတဲ့ သတ္တဝါတွေမှာ တင့်တယ်တာ လှပတာတွေကို အပထားဦး။ အဖော်မိတ်ဆွေကင်းပြီး နေထိုင်လို့မဖြစ်ကြဘူး။ မိတ်ဆွေရှိကြသလိုပဲ၊ သတ္တဝါတစ်မျိုးတစ်မျိုးမှာ ရန်သူလည်း ရှိတာပဲ။ ကိုယ့်ရန်သူကို ကာကွယ်ဖို့ရာ ကိုယ်နှင့် စိတ်တူ သဘောတူ လူတစ်စု၊ သို့မဟုတ် သတ္တဝါတစ်စုဟာ စုပေါင်းပြီး ခုခံနည်း၊ ကာကွယ်နည်းတွေကို ရှာကြရတယ်။ စီပွားရှာတဲ့ နေရာမှာလည်း ကိုယ့်မှာရှိတဲ့ ပစ္စည်းတွေကို ကိုယ်လိုနေတဲ့ ပစ္စည်းနှင့် ထိုက်တန်ရာကို လဲလှယ်ရတယ်။ ဒီလိုအစစကိစ္စတွေမှာ အဆင်ပြေမှုရှိအောင် တရားသဖြင့် ထိုက်တန်တဲ့

လိုက်လျောမှုရှိရတယ်။ ဒီလိုလိုက်လျောမှုကို မပြုနိုင်တဲ့လူတွေကို လိုက်လျောနိုင်တဲ့ သူတွေက တစ်ကိုယ်ကောင်းသမားတွေလို့ ခေါ်ဝေါ်ကြတာပေါ့။ ဒါကြောင့် ကြီးပွားချင်တဲ့ လူငယ်မှန်သမျှဟာ လောကဓာတ်ပညာတွေ သဘာဝတ္တပညာတွေ ဘယ်လောက်ပဲ ကျွမ်းကျင်နေစေကာမူ ပေါင်းသင်းဆက်ဆံရေးမှာ လိုက်လျောမှုမရှိဘဲ တစ်ကိုယ်ကောင်းကြံတတ်ရင် မကြီးပွားဘဲ နေတတ်တယ်။ ဥပမာ မောင်လေးဟာ လောကဓာတ်နည်းနှင့် ကြံဆပြီး တစ်စုံတစ်ခုကို စမ်းသပ်ကြည့်ချင်တယ် ဆိုပါတော့။ မောင်လေးအတွက် ကိရိယာတန်ဆာ ဆေးဝါး စသည်တို့လိုလာမယ်။ တကယ်တမ်းလုပ်ရင် ခိုင်းစေစရာ လူအကူအညီလိုလာမယ်။ မောင်လေးမှာ ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းလို့၊ မောင်လေးအနား ဘယ်သူမှ မလာချင် မကပ်ချင်ရင် မောင်လေးလုပ်မည့် လုပ်ငန်းဟာလည်း အောင်မြင်ဖို့ မလွယ်ပေဘူး။ မောင်လေးဟာ လူများနှင့် ပေါင်းသင်းဆက်ဆံရာမှာ တစ်ကိုယ်ကောင်း မကြံဘဲ လိုက်လျောညီထွေကျင့်တတ်ပါစေလို့ အစ်မကြီး မျှော်လင့်မိတယ်။ ဆုတောင်းမိတယ်။

# တာဝန်

မောင်လေး ...

ယခင်စာထဲမှာ တာဝန်ဝတ္တရား သိတတ်ဖို့ကို မောင်လေးကို ပြောခဲ့တယ်။ မောင်လေးတို့ကို မိဘကို ပြုရမယ့်ဝတ်၊ သားသမီး ပြုရမယ့်ဝတ်၊ မယားပေါ် ပြုရမယ့်ဝတ် စတဲ့ တာဝန်ဝတ္တရားတွေဟာ ရှေးဟောင်း ပညာရှိကြီးများ ရေးသားထားတဲ့ စာအုပ်တွေထဲမှာပါရှိနေလို့ ဒီလို ဘုရားဝတ်၊ တရားဝတ်၊ သံဃာဝတ်၊ ဆရာမိဘဝတ်တွေကို ဖော်ပြမယ့်အစား အလွန်သေးနုပ်တယ်လို့ လူကြီးများက ချန်လှပ်ထားတဲ့ တာဝန်ဝတ္တရားတွေကို အစ်မကြီး ဖော်ပြချင်တယ်။

ပထမဦးဆုံး မောင်လေးဟာ ငါဟာ **အတောင် ၂၀ ဝတ် မင်းယောကျ်ားဖြစ်တယ်။ ပျို့ရှုယ်သန့်မာတဲ့ ယောကျ်ားလည်းဖြစ်တယ်။ ကာယဗလအားဖြင့် ချို့တဲ့နေတဲ့ သက်ကြီးရွယ်အိုနှင့် အမျိုးသမီးကလေးများ အကူအညီလိုနေတဲ့အခါမှာ အမြဲကူညီရမယ်ဆိုတာလေးကို နှလုံးပိုက်ထားစေချင်တယ်။** ကူညီတယ်ဆိုရာမှာလည်း မောင်ရယ်ကူညီပါဦးဆိုမှ ကူညီတာထက် သူတစ်ပါးလိုနေတာကို ကိုယ်ကကြည့်ပြီး ကူညီတာဟာ ပိုပြီးမွန်မြတ်တယ်။ ဒီလိုကူညီလိုက်တဲ့အခါမှာ အကူအညီခံရတဲ့ ပုဂ္ဂိုလ်တွေက ကျေးဇူးတင်ပြီး ဆုမွန်ကောင်းတောင်းမယ်။ သူတို့စိတ်ဓာတ်ကလည်း မောင်လေး ချမ်းသာပါစေဆိုတဲ့ စေတနာထားမယ်ဆိုရင် မောင်လေးဟာ သွားလေရာမှာ တူသောအကျိုးကို ခံစားရလိမ့်မယ်။ မြန်မာစကားပုံရှိတယ်။ လူကြည်ညိုမှ နတ်ကြည်ညို၊ နတ်ကြည်ညိုမှ ကြိုပြဟ်မဆိုတာ။ ဒီသဘောကို ဆိုတာလို့ မောင်လေးသက်ဝင် ယုံကြည်ရမယ်။ ဥပမာ လမ်းမှာ မိန်းကလေးတစ်ယောက်ဖြစ်စေ၊ ကိုယ့်ထက်ချည့်နဲ့တဲ့ လူတစ်ယောက်ဖြစ်စေ လိမ့်ကျ လဲခဲ့ရင် မောင်လေး အချို့မြန်မာလူငယ်များဟာ အော်ဟစ်ရယ်မောတတ်ကြတယ်။

ဒီလိုအလေ့ဆိုးတွေကို မကျင့်ကြံပါနှင့်။ မောင်လေးတာဝန်ဟာလည်း သူ့ကို ဖေးထူမပေးရမယ်ဆိုတာကို မှတ်သားထားပါလေ။ သူတစ်ပါး မရှိတာ၊ မလှတာ၊ မဝတာတွေ၊ မသိတာတွေကို မောင်လေးတို့ လူငယ်တစ်စုဟာ ရယ်မောစရာလို့ဆိုပြီး လက်ပိုက်ကြည့်ရှုနေဖို့ အချိန်မဟုတ်သေးဘူး။ ထိုသူတွေနေရာက မောင်လေးကိုယ်ချင်းစာပြီး ကြည့်ပါလေ။ အစ်မကြီးတို့ မြန်မာနိုင်ငံမှာ ချမ်းသာတဲ့ လူတွေဟာ ငွေအသေခံပြီး သားသမီးတွေကို စိန်ရွှေညွှတ်အောင်ဆင်ဖို့ ဦးမလေးဘူး။ ကိုယ့်သား ကိုယ့်သမီးကလေးအရွယ် ငတ်မွတ်ခေါင်းပါး စာပေပညာဗဟုသုတမရှိတဲ့ ကလေးတွေကို ဘယ်လိုထောက်ပံ့ပြီး ဘာသင်ရမယ်ဆိုတာကို ဘယ်သူမှ သတိမရကြဘူး။ ဒါကြောင့် မောင်လေးဟာ ယခုအရွယ်ကစပြီး ကိုယ့် မြန်မာအချင်းချင်း၊ ကိုယ့်ရွယ်တူ၊ ကိုယ့်ထက် အောက်ကျသူကလေးတွေ တွေ့ရင် မောင်လေးအနေနဲ့ စွမ်းအားရှိသမျှ ကူညီပါ။ မောင်လေးတာဝန်ဟာ မြန်မာနိုင်ငံရဲ့ သားတစ်ဦးဖြစ်တဲ့အတိုင်း ကိုယ့်မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်းကို ညီရင်းအစ်ကို မောင်ရင်းနှမများကဲ့သို့ အောက်မေ့ပြီး မောင်လေး ကောင်းစားချင်သလို သူတို့လည်း ကောင်းစားစေချင်ပြီး အရာရာမှာ ကူညီချင်တဲ့ စိတ်ဓာတ်ကို မွေးမြူရန် ကြိုးစားစေချင်တယ်။ ။

[၂၀]

# မရှိခြင်းထက် မသိခြင်းခက်

**မောင်လေး ...**

မရှိခြင်းထက် မသိခြင်းခက်ဆိုတဲ့ စကားပုံလေးကို ကြားဖူးရဲ့မဟုတ်လား။ ပစ္စည်းဥစ္စာ သိန်းကုဋေ ချမ်းသာနေပါစေ၊ ဒီလူဟာ အသိတရားမရှိရင် သူ့အတွက် သူတစ်ပါးမှာ ဘာမှကောင်းကျိုးခံစားဖို့ မမြင်ဘူး။ အစ်မကြီးတို့၊ မောင်လေးတို့ မြန်မာလူမျိုးတွေဟာ ပါးစပ်ကကျေးဇူးတင်ပါတယ်၊ ဝမ်းနည်းပါတယ် ပြောပြောပြီး တကယ်တမ်းကျရင် တကယ်ဝမ်းမနည်း၊ တကယ်ကျေးဇူးမတင်၊ စကားလုံးရဲ့ အပေါ်ယံဖန်းပြပြီးတော့ ပြောတတ်ကြတဲ့ လူမျိုးမဟုတ်ဘူးလို့ အစ်မကြီးယုံကြည်မိတယ်။ အစ်မကြီးတို့ ဘာသာစကားမှာ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို အသေးအဖွဲ့ကစပြီး ပြောနေလေ့မရှိပေမယ်လို့ ဝမ်းတွင်းစိတ်ခံတက်ကတော့ အမြဲကျေးဇူးတင်တတ်ကြတယ်။ **ကျေးဇူးတင်တာကို နှုတ်ကမပြောဘူး။ လက်တွေ့ ကျေးဇူးတုံ့ပြန်ကြတယ်။** အစ်မကြီးတို့ ဆရာတစ်ဦး ပြောဖူးတယ်။ ကျေးဇူးသိတတ်တဲ့လူနှင့် ကျေးဇူးဆပ်ချင်စိတ် ရှိသူတွေဟာ ဘယ်တော့မှ မဆင်းရဲနိုင်ဘူးလို့ ဆိုတယ်။ ဒါကြောင့် မောင်လေးဟာလည်း မြန်မာပီပီ ကျေးဇူးသိတတ်တဲ့ လူငယ်လေးဖြစ်ပါစေ။ ကျေးဇူးတင်တတ်ဖို့၊ ကျေးဇူးရှာဖို့ဟာလည်း မလွယ်ကူဘူး မောင်လေး။ **အသိပညာဗဟုသုတရှိပြီး ဝမ်းတွင်းဗီဇကိုက ဒါဟာ မှန်မြတ်တယ်၊ ဒါဟာ ယုတ်ညံ့တယ်ဆိုတာ ခွဲခြားသိပြီး ကျေးဇူးကို ရှာကြံတတ်ရပေလိမ့်မယ်။**

လူငယ်လေးတစ်ယောက် ပြောတဲ့စကားကို အစ်မကြီး သွားသတိရပြန်တယ်။ သူက "ကျွန်တော်တို့ကို ဖိနှိပ်တဲ့သူတွေ၊ ချုပ်ချယ်တဲ့သူတွေကို သူတို့ကသာ မဖိနှိပ်၊ မချုပ်ချယ်ရင် ကျွန်တော်တို့ဟာ လွတ်လပ်အောင် ကြိုးစားချင်စိတ်လည်း ပေါ်မလာပေဘူး။ ကြိုးလည်း ကြိုးစားမှာ မဟုတ်ဘူး။ ကျေးဇူးရှင်ကြီးတွေ သင်ကြားပေးလို့သာ ယခုလို စိတ်ခံတက်ဖြစ်

ပေါ်လာရတယ်” လို့ ဆိုတယ်။ သူ့ကိုစဉ်းစားကြည့်လိုက်တော့ အစ်မကြီးဟာ ဒီလူငယ်ကဖြင့် အင်မတန်သိတတ်တဲ့သူပဲ။ သူဟာ နိုင်ငံသူ၊ နိုင်ငံသား ကောင်းကျိုးဆောင်နေရကြောင်းကို အမြင်မှန်ရှိပြီး ဆင်းရဲသားထံက တံစိုးလက်ဆောင်မစားတဲ့ မြန်မာ့သားကောင်းတစ်ယောက်ပေပဲ မောင်လေး။ မောင်လေးဟာ သာမန် နိုင်ငံသားအဖြစ်နှင့်ဆိုရင် ပြည်သူ့ရဲတပ်ဖွဲ့ဟာ မောင်လေးတို့ကို သူခိုးဘေး၊ ဓားပြဘေးက ကင်းဝေးအောင် စောင့်ရှောက်ကာကွယ်ပေးရမယ့် အဖွဲ့ဆိုတာကို အတိအကျသိမြင်ရမယ်။ မောင်လေးဟာ ပြည်သူ့ရဲတပ်ဖွဲ့အမှုထမ်းတစ်ဦးဦးဖြစ်ခဲ့ရင် မောင်လေးဟာ ထိုအဖွဲ့ဝင်ကတည်းက တို့ဟာ ဒီဌာနမှာလုပ်ရင်လခအပြင် တံစိုးလက်ဆောင်အများကြီး ရနိုင်တယ်။ အမှုသည်များကို ညှဉ်းပန်းပြီးငွေညှစ်နိုင်တဲ့ အခွင့်အရေးတွေ အများကြီးရှိတယ်ဆိုတဲ့ အမြင်မျိုးကို မမြင်စေချင်ဘူး။ နိုင်ငံသူ၊ နိုင်ငံသားရဲ့ ကောင်းကျိုးကို အများကြီးဆောင်ရွက်လိုတဲ့ စိတ်ဓာတ်၊ ရိုးဖြောင့်စွာဆောင်ရွက်ချင်တဲ့စိတ်ဓာတ်များကို ထားရမယ်။ ဒါတွင် မကသေးဘူး။ မောင်လေးဟာ တရားသူကြီးပဲဖြစ်ဖြစ်၊ အရာရှိအရာခံစသည်ပဲဖြစ်ဖြစ် ဖြစ်တဲ့နေရာကနေပြီး ငါ့အားအရည်အချင်းရှိ၍ မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင် အရာရှိတစ်ဦးအဖြစ်ကို နိုင်ငံတော်က ပေးသည်။ ငါသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအပေါ်မှ မတရားသဖြင့် ဝစ္စည်းဥစ္စာကိုမယူဘဲ ငါ၏အခွင့်အရေးကို အလွဲသုံးစားမပြုဘဲ၊ မြန်မာ့သားကောင်း ပီသစွာ၊ သစ္စာရှိစွာ၊ တော်တည့်မှန်ကန်စွာ ကျင့်ကြံရမယ်ဆိုတာကို စိတ်နှလုံးထဲမှာအမြဲစွဲထားစေလိုတယ်။ ဘာကိုပဲတွေးတွေး၊ ဘယ်သူ့အရေးကိုပဲ စဉ်းစားစဉ်းစား မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ တတ်သိ၊ လိမ္မာရေး၊ အကျိုးရှိရေးဆိုတဲ့ အမြင်မှန်ကနေပြီး ဘာကိုမှလွဲပြီး မစဉ်းစားစေချင်ဘူး။ မြန်မာနိုင်ငံအစိုးရအဖွဲ့ဟာ အများအားဖြင့် မြန်မာအရာရှိ ကြီးငယ်တွေပဲ၊ မောင်လေးဟာ သူဌေးဖြစ်ချင်ရင် ကုန်သည်ပွဲစား စသည်တို့၊ သို့မဟုတ် အခြားစက်မှုလက်မှုလုပ်ငန်း တစ်ခုခုကိုစတင်ဖို့ စဉ်းစားပါ။ လခစားရာထူးကို ယူပြီးမှ မသိမလိမ္မာသေးတဲ့ နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်းလည်ကိုလှီးဖြတ်ခြင်းနှင့်တူတဲ့၊ မတရားလက်ဆောင်ယူခြင်းဖြင့် သူဌေးဖြစ်သော်လည်းကောင်း၊ ဟော့ရမ်းစွာသုံးစွဲဖို့ကို လည်းကောင်း၊ လုံးဝစိတ်ကူးမထည့်ပါလေနှင့်။ နိုင်ငံသူ၊ နိုင်ငံသားများတို့က နိုင်ငံအစိုးရအပေါ်မှာ ထားရှိအပ်တဲ့ တာဝန်ဝတ္တရား၊ နိုင်ငံသူ၊ နိုင်ငံသားများက အစိုးရထံမှ ရထိုက်တဲ့ အခွင့်အရေးကို မှန်ကန်စွာသိပြီး အစ်မကြီးဖော်ပြခဲ့တဲ့ မြန်မာ့သားကောင်းပီသတဲ့ အရာရှိလို မောင်လေးလည်း၊ နိုင်ငံသူ နိုင်ငံသားကို နားမျက်စိပွင့်လင်းအောင် ရှေ့ဆောင်လမ်းပြဆောင်ရွက်နိုင်မယ့် မြန်မာ့သားကောင်းပီသအောင် မောင်လေး ကြိုးစားစေချင်တယ်။

[၂၁]

# လူကောင်းနှင့်လူတော်

မောင်လေး ...

ကမ္ဘာလောကကြီးမှာ ရှိရှိသမျှ လူသတ္တဝါ တိရစ္ဆာန်တွေဟာ သဘာဝအနေအထား ရေ မြေ ရာသီဥတုကိုလိုက်ပြီး ဖြစ်ပေါ်လာရတယ်။ ဥပမာဆိုရင် မိုးရေချိန်တစ်နှစ်ကို လက်မ ၈၀ ကျော်တဲ့အရပ်တွေမှာ ဆယ့်နှစ်ရာသီစိမ်းလန်းတဲ့ သစ်တောကြီးတွေ ရှိတယ်။ ဒီသစ်တောကြီးတွေဟာ နေရောင်ခြည်မထိုးနိုင်လောက်အောင် ထူထပ်နေတော့ တောထဲမှာရှိတဲ့ သတ္တဝါတွေဟာ အားလုံးသစ်ပင်တက်နိုင်တဲ့ သတ္တဝါတွေချည်းပဲ။ သတ္တဝါတွေဟာ နေရောင်ခြည်၊ လေနှင့် အလင်းကိုလိုချင်တော့၊ သစ်ပင်အောက်မှာ မရနိုင်တော့ သစ်ပင်ထိပ်ဖျားကို တက်နိုင်ရကြတယ်။ ဒီတော့ ဒီတောတွေထဲမှာ သစ်ပင်တက်နိုင်တဲ့ မျောက်တွေ၊ သားကောင်တွေ၊ ပုတ်သင်ညိုတွေ တွေ့နိုင်တာပေါ့။ လူတွေကိုကြည့်ပြန်ရင် မိုးရေချိန် လက်မ ၄၀ က ၈၀ အထိရှိတဲ့ ဒေသတွေမှာဆိုရင် ရာသီဥတုအလိုက် ကျွန်းသစ်၊ ပျဉ်းကတိုးတွေ ပေါက်ရောက်ပြီး အဖိုးတန်တဲ့ ဆန်စပါးကို အလွယ်တကူ စိုက်ပျိုးနိုင်ကြတော့ လူတွေဟာ တစ်မိုးလောက် အလုပ်လုပ်ပြီးရင် တစ်နှစ်လုံး ထိုင်စားနိုင်တယ်။ အိန္ဒိယနှင့် အစ်မကြီးတို့ မြန်မာနိုင်ငံဟာ ဒီလို ဆန်ရေစပါး အပေါများဆုံးနယ်တွေဖြစ်တော့ လူတွေဟာ အသက်မွေးဝမ်းကျောင်း လွယ်ကူကြတာပေါ့။ သူတို့မှာ အခြားမိုးလေဝသ မညီမျှတဲ့ နိုင်ငံတွေထက် ပျင်းဖို့၊ ပညာသင်ဖို့ အချိန်ရကြတယ်။ ဒီတော့ ဒီအရှေ့နိုင်ငံမှာ လူပျင်းတွေနှင့် လူပညာရှိတွေ အများကြီးထွက်တာပေါ့။ မပျင်းတဲ့လူတွေဟာ ပညာဆည်းပူးတော့ အရာရာမှာ ကြံဆတွေးတောနိုင်တဲ့ လူတော်တွေထွန်းကားတာပေါ့။ ဒါကြောင့် ဥတုရေမြေအလိုက် မြန်မာနိုင်ငံက ဉာဏ်ပညာ ထက်မြက်တဲ့ လူတော်တွေ အမြောက်အမြားပဲရှိတယ်ဆိုတာ မောင်လေးသိမှာပေါ့။ ဒါပေမဲ့လို့

ဒီလူတော်တွေဟာ လူကောင်း တွေလားဆိုတာ မောင်လေးစဉ်းစားစမ်းပါ။ မောင်လေးတို့ အတန်းမှာ၊ ဘာသာတိုင်းမှာ အမှတ်တွေ အများကြီးရပြီး စာမေးပွဲတိုင်းမှာ ပထမရတဲ့ လူတော်ကလေးတစ်ယောက်ဟာ နေရာတကာမှာ တစ်ကိုယ်ကောင်း ကြံတတ်တဲ့စိတ်၊ သူတစ်ပါးအပေါ်မှာ မောက်ပြီး ကိုယ်တော်တဲ့စာပေကို သူများမပြချင်တဲ့စိတ်၊ သူတစ်ပါး စာအုပ် ကောင်းကောင်းမြင်ရင် ငှားပြီးပြန်မပေးချင်၊ တစ်ယောက်တည်းသာ ပိုင်ဆိုင်ချင်တဲ့ စိတ်စသဖြင့် စိတ်ယုတ်၊ စိတ်ရိုင်းတွေရှိနေရင် ဒီလူတော်ကလေးကို မောင်လေး လူကောင်း လို့ခေါ်မလား၊ မခေါ် နိုင်ပေဘူး။ ဥပမာ တစ်ခုထပ်ပြရရင် လွှတ်တော်အမတ် အရွေးချယ်ခံမည့် လူတစ်ဦးဟာ စာတွေလည်းတော်၊ လုပ်ရည် ကြံရည်လည်း ရှိတယ်ဆိုပါတော့။ **ဒါပေမဲ့လို့ သူဟာ သူရာထူးတက်ဖို့၊ သူငွေရပေါက်ရှာဖို့၊ အမတ်ဖြစ်ရင် တံစိုး လက်ဆောင်စားပြီး ဆင်းရဲသား ကောင်းကျိုးမဆောင်ရွက်ဘဲ သူ့ရာထူး တည် တံ့မှုသာ ဆောင်ရွက်နေမယ်ဆိုရင် သူဟာ လူတော်ဖြစ်ပေမဲ့လို့ လူကောင်း မမည်သာဘူး။**

မောင်လေး–မောင်လေးကြီးလာရင် အလွန်တော်တဲ့ လူကောင်းကလေးတစ်ယောက် ဖြစ်ပါစေ။ မောင်လေးဟာ ဘဝကက် အကျိုးပေး မညံ့လို့ စပါးဆန် ရွှေငွေ ပေါများပြီး အလုပ်သက်သာစွာနှင့် အသက်မွေးဝမ်းကျောင်း ရှာကြံနိုင်တဲ့ မြန်မာနိုင်ငံမှာ ယောက်ျား ကောင်းတစ်ယောက် ဖြစ်လာရလေပြီ။ မောင်လေး လူတော်တစ်ယောက် ဖြစ်အောင် ကြိုးစားပါ။ စိတ်ဓာတ်ယုတ်ညံ့တဲ့ လူတော်မဟုတ်ဘဲ **စိတ်ကောင်းရှိသူ လူတော် ကလေးဖြစ်ပါမှ မြန်မာနိုင်ငံရဲ့ သားကောင်းကလေးဆိုတဲ့ဘွဲ့ကို တပ်ဆင်နိုင် ပေလိမ့်မယ်။**

လူတော်နှင့်လူကောင်းကို သိသာအောင် ထပ်ပြီးဥပမာပြရဦးမယ်။ အစ်မကြီးတို့ မြတ်စွာဘုရားလက်ထက်က ဒေဝဒတ်ဟာ လူတော်တစ်ယောက်ပေါ့။ မြတ်စွာဘုရားဟာ လူထုရဲ့ယုံကြည်ကိုးစား ကြည်ညိုမှုခံရတာကို မနာလိုပြီး အတိုက်အခံကြိုးစားတဲ့ လူတော် ပဲ။ ဒါပေမဲ့လို့ လူတော်များဟာ ဘယ်လောက်ပဲတော်တော် စိတ်ကောင်းမရှိရင် မအောင်မြင် နိုင်ဘူး။ လူထုဟာ အများအားဖြင့် အဆန်းအကြွယ်ကို နားမလည်ကြဘူး။ **သူတို့ အပေါ်မှာ စေတနာမေတ္တာထားပြီး ကြင်နာစွာ ပြုစုစောင့်ရှောက်တဲ့ သူကိုကြည်ညို တာပဲ။ ယုံကြည်လေးစားတာပဲ။** ဘယ်လောက်ပဲတော်နေနေ သတ္တဝါအများကို မလေး စားရင် သူတို့လိုလားချက်ကို မဖြည့်စွက်ရင် လူထုက ဘယ်သူ့ကိုမှ မကြည်ညိုဘူး။ ဘယ်လောက်ပဲ စိတ်ကောင်းဆန္ဒရှိနေစေကာမူ **ဉာဏဗလ၊ ကာယဗလ၊ ဘောဂဗလ၊ မိတ္တဗလဆိုတဲ့ အင်အားမရှိပြန်လည်း သတ္တဝါကောင်းကျိုးကို မဆောင်ရွက်**

နိုင်ပေဘူး။ ဒါကြောင့် မောင်လေးကြီးလာရင် လောကထဲမှာ ဝင်ဆံ့ပြီး ကမ္ဘာရင်ပေါင် တန်း အမျိုးသားဖြစ်ရအောင် တော်လည်းတော်ပါစေ၊ ကောင်းလည်း ကောင်းပါစေ၊ ကြိုးစားက ဘုရားဖြစ်နိုင်တယ်မဟုတ်လား။ ဘုရားဟာ လူသာမန်ကနေပြီး လောကရေးရာတွေကို နားလည်ပြီး အစစအရာရာမှာ အမြင်မှန်ရှိခဲ့လို့၊ လူသာမန်တို့ သည်းမခံနိုင်တဲ့ ကိစ္စတွေကို သည်းခံခြိုးခြံနိုင်တယ်။ သူ့လက်ထက်တော်က လောကဓာတ် စာပေတွေ အပြောက်အပြားမရှိခဲ့ပေမဲ့လို့ ကမ္ဘာကြီးကို စာအုပ်တစ်အုပ်အနေနှင့် ရှုစားပြီး လောကဓာတ်ကြီးရဲ့ သဘာဝကို ဆည်းပူးတတ်မြောက်ပြီး သတ္တဝါတွေကို တရားရေအေး တိုက်ကျွေးနိုင်ခဲ့တယ်။ ဒါကြောင့် မောင်လေးကြိုးစားရင် မဖြစ်နိုင်စရာ ဘာမှမရှိဘူးဆိုတာကို ယခုစာဖတ်ပြီးသည့်အချိန်ကစပြီး ယူဆမှတ်သားပေတော့။ ။

[၂၂]

# လက်တွေ့

**မောင်လေး ...**

အစ်မကြီး စာတွေရေးလိုက်တာ တော်တော်များပြီ၊ မောင်လေးစိတ်ထဲမှာ ရေးတော့သာ လွယ်တာ၊ တကယ့်လက်တွေ့ကြိုးစားရင် ရေးရတဲ့လူလောက် လက်တွေ့ကြိုးစားတဲ့လူက မလွယ်ဘူးဆိုတာ စဉ်းစားမိမှာပေါ့။ သို့ပေမဲ့လို့ လောကမှာ လူဆိုတဲ့ နာမည်တစ်လုံးနှင့် အသက်ရှင်နေရတဲ့အခါ မရေးရင်လည်း မဖြစ်၊ မဖတ်ရင်လည်း မဖြစ်၊ မကြံရင်လည်းမဖြစ်၊ လက်တွေ့မဆောင်ရွက်ရင်လည်း မဖြစ်ဘူးဆိုတာ မောင်လေး သဘောပေါက်ထားရမယ်။ မောင်လေးတို့အရွယ်ဆိုရင် အချို့ယောကျ်ားလေးတွေဟာ မိဘအချုပ်အချယ်မှုတွေကို မခံမရပ်နိုင်ဖြစ်ပြီး အိမ်ကထွက်ပြေးကြ၊ မိန်းမခိုးပြေးကြစသည်ဖြင့် စိတ်မထိန်းတဲ့ ကိစ္စတွေ လုပ်ကြတာပဲ။ အချို့မှာတော့ မိဘထားရာကနေပြီး ကြိုးစားဆောင်ရွက်ကြတယ်။ ဒီလိုနှင့် ကြီးပွားချင်တဲ့လူလည်း ကြီးပွားပြီး ပျက်စီးချင်တဲ့လူလည်း ပျက်စီးသွားတာပဲ။ မောင်လေးတို့ဟာ စာတွေဖတ် လွန်းအားကြီးပြီး စိတ်ကူးလောကထဲမှာ တိုက်အိမ်ဆောက်ပြီး ပျော်မြူးနေလို့လည်း မဖြစ်နိုင်ဘူး။ အထိန်းအကျောင်းပညာ ဗဟုသုတမရှိဘဲနှင့်လည်း အရမ်းကြံလုပ်လို့ မဖြစ်ပေဘူး။ ကိုယ်လုပ်ချင်တဲ့ အဆောက်အအုံအတွက် လိုတဲ့သစ်သား၊ အုတ်ကျောက်တို့ကို ဆည်းပူးရသလို ကိုယ်တကယ်လုပ်မည့် လုပ်ငန်းတစ်ခုအတွက်လို တဲ့ပညာဗဟုသုတကို ဆည်းပူးပြီးတော့ လက်တွေ့ လိုက်နာကျင့်ကြံဖို့လည်း လိုသေးတယ်။

ပညာဗဟုသုတကို မတတ်တာမရှိအောင် ဆည်းပူးထားပြီး လက်တွေ့မဆောင်ရွက် ရသေးတဲ့ မောင်လေးတို့လို လုလင်ပျိုကလေးတွေဟာ အလမ္ပာယ်ပညာကို တတ်မြောက်ပြီး မြွေနှင့်လက်တွေ့မကစားရသေးတဲ့ မြွေအလမ္ပာယ်သမားနှင့်တူတယ်။ မောင်လေးကို နည်းပေးလမ်းပြသဘောနှင့် ဆုံးမနေတဲ့ အစ်မကြီးတို့လို အကြီးများကလည်း ကိုယ်

ကိုယ်တိုင် ဘာမှလက်တွေ့ အတွေ့အကြုံမရှိဘဲ သူတစ်ပါးကို စိတ်ကူးနှင့် ဘာလုပ်တာ လိုနေလို့ စိတ်ကူးရှိရာ ညွှန်ကြားနေရင် မောင်တို့အရွယ်မှာ တကယ်လုပ်လိုတဲ့ ဆန္ဒနဲ့ စမ်းကြည့်တဲ့အခါမှာ မဖြစ်နိုင်တာတွေ တွေ့မှာပဲ။ ဒါကြောင့် ညွှန်ကြားတဲ့သူကလည်း လိုက်နာရမည့် သူ့ရဲ့အခြေအနေ၊ ပတ်ဝန်းကျင်ရဲ့ အခြေအနေကို လိုက်လျောပြီး လက်တွေ့ ဖြစ်နိုင်တာကိုသာ လမ်းပြရမယ်။ မောင်လေးကို ဥပမာပြရရင် မောင်လေးမှာ နီတဲ့ဝတ္ထုပစ္စည်းတစ်ခု ရှိတယ်ဆိုပါတော့၊ အနီကို မောင်လေးက မနှစ်သက်လို့ ဖြူအောင်ချွတ်ရင် ဝတ္ထုပစ္စည်းရဲ့သဘာဝက နီနေတော့ တော်အော်နှင့်မဖြူနိုင်လို့ အချိန်ကုန်တဲ့အပြင် သုံးစွဲရာမှာလည်း ပင်ကိုက အဖြူမဟုတ်တော့ တကယ် အဖြူလောက် အရာမရောက်နိုင်ဘူး။ ဒါကြောင့် နီနေတဲ့ဝတ္ထုပစ္စည်းကို အနီနှင့်တန်တဲ့နေရာမှာ သုံးရင် ပိုပြီးသင့်မြတ်ပေမယ်။ မောင်လေးရဲ့ပညာက ဝမ်းစာမှ လုံအောင် မရှာနိုင်သေး၊ သေစာ ရှင်စာမှ မတတ်သေးဘဲ မောင်လေးကို အစ်မကြီးက ကမ္ဘာ့စာပေတွေ၊ ကမ္ဘာ့ ခေါင်းဆောင်ကြီးတွေလို ဖြစ်ရမယ်။ နိုင်ငံအကျိုးဆောင်ရွက်ရမယ်ဆိုလို့ မောင်လေးဟာ ကျောင်းစာတွေပစ်ပြီး စာဖတ်ဖို့ မကြိုးစားဘဲ နိုင်ငံရေးသမားကြီးတွေရဲ့ လက်ပါးစေအဖြစ် လိုက်ပါသွားမယ်ဆိုပါတော့။ မောင်လေးဟာ ပညာသင်ပျက်ပြီး ကိုယ့်၏ နေထိုင်စားသောက်မှု၊ ကြီးပွားမှု ပျက်ပြားချို့ငဲ့သွားမှာပဲ။ မောင်လေး ပျက်စီးသွားရင် မောင်လေးဟာ မြန်မာအမျိုးသားတစ်ယောက်ဖြစ်လို့ မြန်မာနိုင်ငံမှာလည်း နစ်နာတာပဲ။

အစ်မကြီးသဘောအရဆိုရင် မောင်လေးတို့ဟာ နိုင်ငံကိုချစ်ရင် ယခုအရွယ်ကတည်းက ကိုယ်တကယ်လက်တွေ့စွမ်းဆောင်လုပ်ကိုင်နိုင်မယ့် စွမ်းရည်သတ္တိအင်အားကို ဆန်းစစ်ရမယ်။ ဥပမာ အခုမောင်လေးတို့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို တစ်နိုင်ငံလုံးက ယုံကြည်လေးစားကြတယ်မဟုတ်လား။ ဗိုလ်ချုပ်အောင်ဆန်းကို နာမည်ကောင်းလို့၊ ရုပ်ချောလို့၊ တရားဟောကောင်းလို့၊ ဝိဇ္ဇာမို့လို့ ကြည်ညိုတာလား၊ ဒီလို ကြည်ညိုချင်ရင် မြန်မာနိုင်ငံမှာ လူချော၊ လူလှ ပညာတတ် အပြောကောင်းတွေ ပြည့်နေတာပဲ။ သူတို့တစ်တွေတော့ ဘာလို့ မကြည်ညိုကြလဲ။ ဒါတွေကို ကြည်ညိုတာလုံးဝမဟုတ်ဘူး။ **သူ့မှာ မျိုးချစ်စိတ်ရှိတယ်။ ကိုယ်ကျိုး မရှာဘူး။ ခေတ်ပညာနှင့် တိုင်းပြည်ကို မညာဘူး။ အပြောသမားမဟုတ်၊ လုပ်နိုင်သလောက်ပြော၊ ပြောသလောက်သာ လုပ်တဲ့ လူစားမျိုး** ဆိုတာကို သူ လက်တွေ့လုပ်ကိုင်ချက်တွေက သက်သေခံထားလို့ လူထုက လေးစားကြည်ညိုရတာပဲ။ မောင်လေး နိုင်ငံရေးကို စီးပွားရေးလက်နက်သဖွယ် ဆောင်ရွက်တဲ့ လူများဟာ မသိတုန်းသာ ကြည်ညိုမှာပဲ။ သိတဲ့တစ်နေ့ တန်ဖိုးနိမ့်ရတာပဲ။ မောင်လေးတို့ခေတ်မှာ လူတစ်ရာမှာ ရှစ်ဆယ်လောက် နိုင်ငံချစ်တဲ့စိတ်၊ ဆောင်ရွက်

ချင်တဲ့စိတ်ရှိတဲ့ကလေးတွေကို အစ်မကြီးတွေ့ရတယ်။ နိုင်ငံကိုချစ်တဲ့ မြန်မာ့သားကောင်း ပီသချင်ရင် လက်တွေ့လုပ်ပြနိုင်အောင် ကြိုးစားပါ။ လက်တွေ့လုပ်ပြဖို့ ယခုခေတ်ကြီးမှာ မလွယ်တော့ဘူး။ ကမ္ဘာ့ လူထုကြီးထဲမှာ ဝင်စွာနိုင်မှ ရမယ်။ ဒါကြောင့် စာပေဗဟုသုတ **အများကြီး ရှိရမယ်။ ပညာရှိမှ နေရာတိုင်းမှာ ဆင်ခြင်သုံးသပ်စေ့စပ် လုပ်ကိုင် နိုင်လိမ့်မယ်။** ဒါကြောင့် မောင်လေးဟာ ကျောင်းနေချိန်မှာ ရည်ရွယ်ချက်ပန်းတိုင်ကို ကိုယ့်စိတ်မှာသတ်မှတ်ပြီး ရေးတတ် ဖတ်တတ် လေ့လာတတ်ပြီး ပညာအရပ်ရပ် နှံ့စပ် အောင် ကြိုးစားပါ။ အစ်မကြီးတို့ခေတ်မှာ အစ်မကြီးတို့ လူငယ်တွေရှိပြီး မောင်လေးတို့ အရည်အချင်းရှိပါမှ မောင်လေးတို့ခေတ်မှာ မောင်လေးတို့ စွမ်းရည်သတ္တိနှင့် ဆောင်ရွက်နိုင် လိမ့်မယ်။ မောင်လေးတို့ ခေတ်ကျရင် ကိစ္စကြီးငယ် ဆောင်ရွက်စရာရှိသမျှ ဆောင်ရွက် နိုင်အောင် စာပေဗဟုသုတတွေ စုဆောင်းရမယ်။ **မောင်လေးတို့ တာဝန်ဟာ စာတတ် ပြီး အရွယ်ရောက်တဲ့ အချိန်မှာ တိုးတက်နေမယ့် ကမ္ဘာ့အဆင့်အတန်းကို မီအောင် ယခုကတည်းက ပြင်ဆင်ဖို့သာ လိုတယ်။**

စစ်ကြီးကြောင့် မောင်လေးတို့ အချိန်တွေဟာ အလဟဿကုန်ခဲ့ပြီ။ နောက်ထပ် အချိန်ဖြုန်းစရာ မရှိတော့ဘူး။ စစ်မဖြစ်မီကထက် သုံးဆ၊ လေးဆ ကြိုးစားရမယ်။ စိတ်ကူး နှင့်ကူးနေဖို့လည်း မဟုတ်ဘူး။ မြန်မာနိုင်ငံက လူငယ်တွေဟာ အရည်အချင်းရှိလာရင် တိုင်းပြည်အဆင့်အတန်းတက်မှာပဲ။ နောင်တစ်ခေတ် မြန်မာနိုင်ငံအဆင့် အတန်းဟာ မောင် လေးတို့ အဆင့်အတန်းပေါ်မှာ တည်ရှိတယ်။ ဒါကြောင့် ကြိုးတော့ လက်တွေ့လုပ်နိုင် အောင် ယခုကတည်းက ပြင်ဆင်ထားပေတော့။ ပြင်ဆင်ဖို့ဟာ သူတစ်ပါး အရွယ်ရောက် သူတွေနောက်က ဘုမသိဘမသိလိုက်မနေဘဲ **သူတစ်ပါးလုပ်သမျှ အကောင်းအဆိုး ခွဲခြားသိနိုင်ဖို့ စာတတ်အောင် ကြိုးစားပါမောင်လေး။ ။**

[၂၇]

# ရန်ငြိုးနှင့်တံစိုး

**မောင်လေး ...**

ယခင်အခါတုန်းက လက်တွေ့သဘောကို ပြောပြခဲ့တယ်။ **စိတ်ကူးလောကမှာ ပျော်ပိုက်တဲ့ လူတွေဟာ အခက်အခဲကို လုံးဝမစဉ်းစားတဲ့လူတွေပဲ။** ဘယ်အရာမျိုးမဆို မောင်လေးတို့ပတ်ဝန်းကျင်မှာ အခက်အခဲကို ကျော်လွှန်ပြီး တိုက်ခိုက်ဆောင်ရွက်နိုင်မှ အောင်မြင်နိုင်တယ်။ အခက်အခဲများဟာ မောင်လေးတို့ လက်တွေ့လုပ်ကိုင် နိုင်တဲ့ စွမ်းရည်သတ္တိကို စမ်းသပ်ဖို့ ပတ်ဝန်းကျင်က စောင့်ကြည့်နေကြတယ်ဆိုတာကို သိထားရပေမယ်။ အခက်အခဲများများ ပေါ်ပေါက်လေလေ၊ စွမ်းရည်သတ္တိတိုးတက်လာလေလေ ဖြစ်ရမယ်။ မောင်လေးတို့ အင်အားသတ္တိ ပိုမိုပြီးရှိစေဖို့ အခက်အခဲများ ပေါ်ပေါက်လာရတယ်လို့ မှတ်ယူရမယ်။ **မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားရဲ့ အကျင့်သီလပျက်အောင် အတိုက်အခံပြုတဲ့ပုဂ္ဂိုလ်ဟူသမျှဟာ မြတ်စွာဘုရားရဲ့ ပါရမီဖြည့်ဖက်လို့ ယူဆရသလိုပဲ အခက်အခဲကိစ္စဟူသမျှဟာ မောင်လေးတို့ ကြိုးစားမှုကို** ပိုမိုခိုင်မြဲအောင် ဖန်တီးလာရတယ်လို့ ယူဆရမယ်။

အခက်အခဲကို ခုခံဖြိုဖျက်ရာမှာသာ မောင်လေးဂရုပြုစရာကလေးတွေလိုတာကို အစ်မကြီးဖော်ပြချင်တယ်။ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားကြရာမှာ အခက်အခဲကို ကျော်လွှန်အောင် ပြုကြရတာဟာ သဘာဝပဲ။ ဒါပေမဲ့လို့ **ကိုယ်အလိုဆန္ဒပြည့်စုံမှုအတွက် သူတစ်ပါးအကျိုးစီးပွားပျက်အောင် မောင်လေး မကြံစည်ပါနှင့်။** ဥပမာပြရရင် မောင်လေးဟာ ရုံးတစ်ရုံးမှာ စာရေးအလုပ်လိုချင်တယ်ဆိုပါတော့။ ကိုယ်အလုပ်ရမှုအတွက် လက်ရှိစာရေးကို အလုပ်လက်မဲ့ဖြစ်အောင် ကြိုးစားခြင်းဟာ သူတစ်ပါးအကျိုးစီးပွားပျက်ပြား မှုကို ကြံဆောင်တဲ့အတွက် မောင်လေးဟာ ကောင်းသော၊

ဖြောင့်မှန်သော မြန်မာ့သားကောင်းစာရင်းကို မသွင်းနိုင်ပေဘူး။ ပြီးတော့ မောင်လေးမှာ အပြစ်တစ်စုံတစ်ရာကျရောက်နေတယ်ဆိုပါတော့။ ကိုယ့်အပြစ်လွတ်စေတော့ဆိုပြီး ကိုယ့်အထက်က လူဖြစ် ဖြစ်၊ အောက်ကလူဖြစ်ဖြစ် အပြစ်လွှဲချတတ်တဲ့အကျင့်ရှိနေရင် မောင်လေးဟာ ယောကျ်ားပီသတဲ့သူလို့ မခေါ်နိုင်ပေဘူး။ ဒါကြောင့် မောင်လေးတို့ ယောကျ်ားကလေးအချင်းချင်းပဲ သူတစ်ပါးကို ကြံကြံဖန်ဖန် နှိပ်စက်တတ်။ အပြစ်ရှာတတ်တဲ့သူကို "မီးနးမ ဆန်တယ်" မိန်းမဉာဏ်နှင့် ကြံတယ်လို့ ဆိုလေ့ရှိတယ်မဟုတ်လား။ **မောင်လေးဟာ ယောကျ်ားစစ်မို့ ယောကျ်ားမြတ်ပီသအောင် ကိုယ့်တစ်ယောက်တည်း ကောင်းစားရေးအတွက် သူတစ်ပါးအကျိုး ယုတ်အောင် မကြံဘဲ ဘယ်အခက်အခဲမျိုးပဲတွေ့တွေ့ အပြစ်ကင်းစွာနှင့် လွတ်မြောက်အောင် ကြံဆောင်ပါ။** နောက်ဆုံးစကားပြောရရင် ရယ်စရာပြောရင်ပဲ သူတစ်ပါးကို ရှုတ်ချပြီး ဂုဏ်ပျက်စေမည့်စကားနှင့် အပေါ့အပျက်စကားမသုံးနိုင်ရင် ကောင်းတာပဲလို့ အစ်မကြီး ထင်မိတယ်။

ကိုယ့်မှာ ရာထူးဌာနန္တရ ပစ္စည်းအင်အားနှင့်ပြည့်စုံပြီး သြဇာရှိတဲ့နေရာမှာ ရောက်နေတဲ့အခါ ရန်ငြိုးနှင့် တံစိုးကို မောင်လေး ကြပ်ကြပ်ရှောင်ကြဉ်ပါ။ ရန်စကို တိုစေ၊ ချစ်စကိုရှည်စေလို့ စကားပုံရှိပေမဲ့လို့ ရန်ငြိုးသာ ထားတတ်ကြတယ်။ ချစ်စကို မရှည်နိုင်ကြဘူး။ ကိုယ့်ထက်အင်အားနည်းတဲ့သူအပေါ်မှာ ရန်ငြိုးထားပြီးနှိမ့်ကျပျက်စီး အောင် ကြံစည်ပြုမူမိလို့ ပျက်စီးဆုံးရှုံးသွားရပြန်ရင် မောင်လေးမှာ ထိုသူ ပျက်စီးသွားလို့ လူ့သက်တမ်းမှာ တစ်ရက်တစ်နာရီမှ ပိုပြီးစံစားခွင့်မရပေဘူး။ မောင်လေးမှာပဲ အခါအခွင့် မသင့်ရင်၊ ပျက်စီးချိန်တိုင်ရင် ပျက်စီးရမှာပဲ။ ဒါကြောင့် အသက်မရှိတဲ့ အိုးအင်ခွက်ယောက်တောင်မှပဲ အလှုပ်အရှားရှိတဲ့အခါ တိုက်မိခိုက်မိပြီး ကွဲအက်ရသေးတယ်။ **လူတွေဟာ တစ်ယောက်နှင့်တစ်ယောက် အခိုက်အလှည့်မသင့်လို့ သဘောကွဲလွဲမှုကြောင့် ခိုက်ရန်ဖြစ်ကြရင် ရန်ငြိုးအမျက်မထားမိအောင် မောင်လေးသတိထားပါ။** မောင်လေးဟာ မြန်မာပြည်သား မြန်မာနိုင်ငံမှာ အနေများပြီး မြန်မာများနှင့်သာ ဆက်ဆံရမယ်။ မောင်လေး ပယောဂကြောင့် ပျက်စီးရမည့်သူဟာ မြန်မာပြည်သား ဖြစ်မှာပဲ။ ဒါကြောင့် မြန်မာပြည်ကြီးချစ်ရင် မြန်မာအမျိုးသားချင်းကိုလည်း ချစ်ပါ။ မနှိပ်စက် မညှဉ်းပန်းပါလေနှင့် မောင်လေး။ ပြီးတော့ မောင်လေးမှာ ပေးကမ်း ချီးမြှင့်နိုင်တဲ့ အဆင့်အတန်းရှိနေပြီဆိုရင် လူတွေက မောင်လေးဆီကို စားသောက်စရာမှအစ ရွှေငွေအထိ တံစိုးလက်ဆောင်ယူလာပြီး သူတို့လိုဘပြည့်ဝမှုအတွက် တွေ့ရာတွေကို ပြောဆိုကြလိမ့်မယ်။ **ပေးကမ်းခြင်း အောင်မြင်သည်ဆိုတဲ့စကားလို ပေးကမ်းထားတဲ့ မျက်နှာ**

ကြောင့် မောင်လေးဟာ ကိစ္စများကို မှားယွင်းဆောင်ရွက်မိရင် မောင်လေး ပတ်ဝန်းကျင်မှာ သက်ဆိုင်တဲ့လူတွေမှာ နစ်နာကုန်တတ်တယ်။ အလိုဆန္ဒ တစ်ခုခုပြည့်ဝမှုကြောင့်သော်လည်းကောင်း၊ ကိုယ်နှင့်ရှေးက ခင်မင်ရင်းနှီးစွာ မဆက်ဆံဖူးဘဲ လာရောက်ပေးကမ်းခြင်းသော်လည်းကောင်း ပြုလာခဲ့ရင် မောင်လေး ရှောင်ကြဉ်နိုင်သလောက် ရှောင်ကြဉ်ပါ။ မလွှဲမရှောင်သာလို့ ယူရ ရင်တောင် သတိနှင့်ဆင်ခြင်လက်ခံဖို့ကို မောင်လေး ကြပ်ကြပ်သတိထား စေချင်တယ်။ ။

## [၂၄]

# မိ န် း မ

မောင်လေး ...

အခက်အခဲကို ကျော်လွှန်ဖို့ရေးခဲ့တဲ့စာမှာ သာမန်အခက်အခဲတွေထက် မောင်လေးတို့ ယောကျ်ားကလေးတွေ ကျော်လွှန်ရမည့်အခက်အခဲကို အစ်မကြီး ယခုဖော်ပြချင်တယ်။ အစ်မကြီးဟာ မိန်းမဖြစ်လျက်နှင့် မောင်လေးတို့ရဲ့ အခက်အခဲဆုံးရန်သူဟာ မိန်းမပဲလို့ ဆိုရင် မောင်လေးဟာ အံ့ဩမှာပဲ။ မိန်းမရဲ့ရန်သူဟာ ယောကျ်ားဖြစ်သလိုပဲ ယောကျ်ားကလေးတွေရဲ့ ရန်သူဟာ မိန်းမပဲ။ **မိန်းမအဖြစ်၊ သဘောညစ်ကို၊ အနှစ်တစ်ရာ၊ တစ်ထောင်လျှာဖြင့်၊ လူ့ရှာတည်ငြား၊ ကြင်ယောကျ်ားရင်၊ တစ်ပါးအမှု၊ မပြု လုံးလုံး၊ ပြောမဆုံးဟု၊ မှတ်ထုံးထင်စွာ၊ မဟာရထနီတိပြ၏။** ဒီစာကိုကြည့်ပြီး နီတိဆရာကြီးများက မိန်းမအပြစ်တွေကို အနှစ်တစ်ရာလုံးလုံး လျှာတစ်ထောင်လောက်နှင့် ဘာမှမလုပ်ဘဲ ထိုင်ပြောနေတောင် ဆုံးမှာမဟုတ်ဘူးလို့ဆိုတာကို မောင်လေး နားလည်မှာပေါ့။ မောင်လေးတို့ လိမ္မာစေလိုတဲ့အတွက် အစ်မကြီးကိုယ်တွေ့ အစ်မကြီးတို့ မိန်းမတွေဟာ နီတိကျမ်းဆရာရေးသလို တကယ်အပြစ်ရှိကြတယ်ဆိုတာကို မောင်လေးအား အစ်မကြီး အတိအလင်း ဝန်ခံတယ်။ မောင်လေးတို့ဟာ လူပျိုပေါက်ကလေးဖြစ်လာတယ် ဆိုရင်ပဲ အပျိုချောချောကလေးတွေ့မြင်ရင် ပိုးချင်ပန်းချင် လက်တည့်စမ်းချင်ကြတာပဲ။ လူ့အဆင့်အတန်း ယဉ်ကျေးမှုအဆင့်အတန်းမီပြီးဖြစ်တဲ့ အမျိုးသမီးများနှင့်တွေ့ရင် မောင်လေးတို့ ကံကောင်းတာပဲ။ အချို့အမျိုးသမီးများဟာ ကိုယ့်လောဘ၊ ကိုယ့်ဆန္ဒ တစ်ခုတည်းနှင့်သာ ကြည့်ပြီး ယောကျ်ားများကို လှည့်ဖြားတာမျိုးတွေ့ရင် မောင်လေး တို့ဟာ ကံဆိုးတာပဲ။ မိန်းမယုတ်၊ မိန်းမညံ့တွေရှိသလိုပဲ မိန်းမမြတ်၊ မိန်းမကောင်းလည်း ရှိသေးတာပဲ။ မောင်လေးတို့ဟာ တွေ့ရာမိန်းမကို မိန်းမဆိုတာ တစ်မျိုးတစ်စားတည်း

အောက်မေ့ပြီး မတင်းတိမ် မရောင့်ရဲရာဘူး။ အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး ဆိုတာလို ဖြစ်မိတဲ့လူနှင့်ပြတ်စဲဖို့ရာဟာ မလွယ်ကူပေဘူး။ မောင်လေးတို့ဟာ ယောကျ်ားပဲဆိုပြီး တွေ့ရာမိန်းမနှင့် ကိုယ့်ဘဝကို မနစ်ရအောင် သတိထားရမယ်။ မောင်လေးကို လက်တွေ့သာဓကပြရရင် အချို့မှာ အသက်ရှင်လျက်ရှိသေးတော့ အစ်မကြီး မဖော်ပြလိုဘူး။ ဇာတ်နိပါတ်တွေထဲမှာ မောင်လေးတွေ့ဖူးမှာပေါ့။ ဒါတွေဟာ သိပ်မဆန်းလှဘူး။ မိန်းမတွေဟာ အကျင့်စာရိတ္တချို့ယွင်းလျက် အများကြီးပဲ ရှိကြတယ်။

မိန်းမတွေဟာ ဘယ်လိုပဲအသွင်အမျိုးမျိုးဆောင်နေစေကာမူ ဘယ်မိန်းမနှင့်ပဲ ဆုံစည်းဆုံစည်း ငါသည် မိန်းမယုတ်တို့၏ လွှမ်းမိုးခြင်းကို လုံးဝမခံသော ယောကျ်ားကောင်းဖြစ်၏ ဆိုတဲ့အချက်ကို သဘောပိုက်မှတ်ယူပြီး ဆက်ဆံရမယ်။ "ဘယ်သူမပြုမိမိမှု" ဆိုတဲ့စကားလို မိန်းမအနိုင်ခံရတဲ့ယောကျ်ားဟာ ယောကျ်ား မပီသလို့ ဉာဏ်ပညာနည်းပါး၊ စွမ်းရည်သတ္တိမရှိလို့ပဲလို့ ယူဆရမယ်။ ဒီစကားနှင့် စပ်လျဉ်းပြီး အစ်မကြီး ရှေးဝတ္ထုကလေးတစ်ပုံပြောပြမယ်။ ရှေးက ဆိတ်ကြီးတစ်ကောင်ရှိသတဲ့။ သူ့မိန်းမဆိတ်မကလေးက တစ်နေ့ကျတော့ အလွန်နက်တဲ့ ရေတွင်းထဲက မြက်နုကိုမှ စားချင်ပါတယ်၊ မစားရရင် သေပါလိမ့်မယ်လို့ လူးလိမ့်ငိုယိုပြီး ပူဆာသတဲ့။ ဒီတော့ ဆိတ်ကြီးက မယားကလေးတော့ အလွန်ချစ်မြတ်နိုးပါရဲ့။ ဒါပေမဲ့လို့ စဉ်းစားပြီး ဘယ်လိုပြန်ပြောသလဲဆိုတော့ ရှင်မ–သင်ဟာ ဒီမြက်နုကို မစားလို့ အနိစ္စရောက်သွားတဲ့အခါ ငါလည်း ဆိတ်မငယ်တစ်ဦးနှင့် နောက်ထပ်လက်ဆက်ရုံပဲ၊ သင်သေမည်စိုး၍ ငါဟာ အသူတရာနက်တဲ့ ချောက်ကမ်းပါးဆင်းပြီး မြက်နုကို ဆင်းယူရင် ငါ့အသက်ဆုံးမှာပဲ။ ဒီအခါ သင်ဟာ အခြားဆိတ်တစ်ဦးနှင့် ပေါင်းသင်းနေမှာ ဧကန်ပဲ။ ဒါကြောင့် သင်မြက်နုကို မစားရ၍ သေလိုကသေစေတော့၊ ငါသည် သင့်အား အသက်စွန့်ပြီး တွင်းနက်မှမြက်ကို ဆောင်ယူမပေးနိုင်လို့ ပြန်ပြောတော့ ဆိတ်မဟာ နောက်ထပ် မပူဆာတော့ဘူးတဲ့။ ဆိတ်ကြီးလည်း တွင်းနက်ထဲ မဆင်းရှာရဘူး။ ဆိတ်ကြီးဟာ ယောကျ်ားပီသတယ်။ အချစ်မှောင် မပိတ်ဖုံးဘူး။ မောင်လေးလည်း မိန်းမတွေနှင့် ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ ယောကျ်ားပီသပါစေ။ မိန်းမတစ်ဦးနှင့် မောင်လေးဟာ ထိမ်းမြားပေါင်းသင်းနေထိုင်ရင် ပစ္စည်းအဆင့် အတန်း၊ ရုပ်ရည်အဆင့်အတန်းနှင့် အပေါ်ယံအကဲမဖြတ်ဘဲ ကျန်းမာရေးအဆင့်အတန်းနှင့် အသိအလိမ္မာ ပညာအရည်အချင်းအဆင့်အတန်းကိုသာ ထည့်စဉ်းစားပါ။ ရှေးက မယားအပြား ၇ ပါးထားရှိခဲ့တယ်။ (၁) ကျွန်၊ (၂) မိခင်၊ (၃) နှမ၊ (၄) အဆွေခင်ပွန်းနှင့်တူတဲ့မယား။ ဒီလေးမျိုးဟာ သေတဲ့အခါ နတ်ပြည်ကိုရောက်နိုင်တယ်။ နောက်ပြီး (၅) အရှင်၊

(၆) ခိုးသူ၊ (၇) သူသတ်နှင့်တူတဲ့မယား၊ ဒီသုံးမျိုးကတော့ သေတဲ့အခါ အပါယ်ငရဲကို ကျရောက်နိုင်တယ်။ နောက်ဆုံးဖော်ပြတဲ့ သုံးမျိုးနှင့်သာ မောင်လေးပေါင်းဖက်မိရင် မောင်လေးပါ အပါယ်ငရဲပါကျဖို့ အကြောင်းတွေဖြစ်ပေါ်မှာ ဒိဋ္ဌပေပဲ။ ဒါကြောင့် ကမ္ဘာ့နိယာမထုံးတမ်းအစဉ်အလာအတိုင်း မိန်းမဆိုဘိ၊ ထိုက္ကတ္တိတို့၊ မရှိမကောင်း၊ ရှိမကောင်းနှင့် မပေါင်းလည်းခက်၊ ပေါင်းလည်းခက် လို့ ရှေးပညာရှိများက ဆိုထားတော့ မောင်လေးတို့မှာ မိန်းမနှင့်ကင်းပြီး မဖြစ်နိုင်ပေဘူး။ ယောကျ်ားဖျင်းရင် မိန်းမဖျင်း မိန်းမညံ့ကို ရမှာပဲ။ ဒါကြောင့် မောင်လေးကိုယ်တိုင် အိမ်ထောင်ရေးမှာ လမ်းမမှားရအောင် ပညာအရည်အချင်းရှိဖို့ မိန်းမတစ်ဦးရဲ့ ကြိုးဆွဲမခံရအောင် ကိုယ်ကိုယ်တိုင် လုပ်ရည်ကိုင်ရည်ရှိဖို့၊ လောကသဘာဝအဆိုးအကောင်းတွေကို တတ်နိုင်သမျှ ဆည်းပူးထားဖို့ တိုက်တွန်းလိုက်ပါတယ်။ ။

[၂၅]

# အမျိုးသမီးပြုပြင်ရေး

**မောင်လေး ...**

အစ်မကြီးဟာ ညီမလေးများထံ စာရေးတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ နောင်တစ်ခေတ် ကောင်းစားရေးဟာ အမျိုးသမီးတွေရဲ့ တာဝန်လို့ ဖော်ပြခဲ့တယ်။ ယခင်စာတွေမှာ မောင်လေးကို မိန်းမဆိုး၊ မိန်းမယုတ်တွေကို ဖော်ပြခဲ့တယ်။

ဒီလိုဆိုးယုတ်ပြီး သဘောနုတဲ့ အမျိုးသမီးတွေပြုပြင်ရေးဟာ မောင်လေးတို့ လက်ထဲမှာရှိတယ်လို့ဆိုတာ မောင်လေးတို့ သတိထားမိရဲ့လား။ မြန်မာနိုင်ငံပြုပြင်ရေးဟာ အမျိုးသမီးတွေက စ,ရမလား၊ အမျိုးသားတွေက စ,ရမလားဆိုတဲ့မေးခွန်းကို မေးရင် ကြက်ဥနှင့်ကြက်ကလေး ဘယ်သူကစသလဲဆိုတဲ့မေးခွန်းလို အဖြေရကျပ်ပေလိမ့်မယ်။ မောင်လေး အမျိုးသမီးတွေဟာ ဘာကြောင့် မျက်နှာချေ၊ ပေါင်ဒါ၊ ပါးဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေးတွေကို အကုန်အကျခံပြီး အလှပြင်နေကြသလဲ၊ ရှစ်ဆယ်ရာခိုင်နှုန်းအားဖြင့် အမျိုးသားတွေကို ရုပ်ရည်ဖြင့် ဇန်းပြဖို့ပဲ။ အမျိုးသားတွေကလည်း စိန်၊ ရွှေ၊ လက်ဝတ်တန်ဆာတွေ ညွတ်ကျအောင် ဆင်မြန်း၊ နှုတ်ခမ်းနှင့်ပါးကို ပန်းနုရောင်ဆိုးထားတဲ့ အမျိုးသမီးတွေကို မိုးပေါ်ကကျတဲ့ ဘုရင့်ဂျီနတ်သမီးလေးတမျှ အောက်မေ့ပြီး ကြင်ရာအဖြစ် ရွေးချယ်ကြတယ်။ မောင်လေးတို့က အမျိုးသမီးကလေးတွေကို စိန်ပါတာ ကြိုက်သလား၊ လိမ္မာတာကြိုက်သလား၊ မောင်လေးတို့က လိမ္မာမှ ကြင်ရာရွေးမယ်ဆိုရင် အမျိုးသမီးကလေးတွေဟာ လိမ္မာအောင် ကြိုးစားကြမှာပဲ။ မောင်လေးတို့က စိန်ပါမှ နှစ်သက်မယ်ဆိုရင် စိန်ပါနိုင်အောင် ကြိုးစားကြပေလိမ့်မယ်။ အစ်မကြီးတို့ ကျောင်းသားခေတ်လောက်က အိန္ဒိယနိုင်ငံ ဝန်ထမ်း အထက်တန်းစား ဘီလပ်ပြန်အရာရှိ ကလေးတစ်ယောက်ဆိုရင် စိန်တစ်ဆင်စာ၊ မော်တော်ကားတစ်စင်းလောက်နှင့် ဝယ်လို့ရနိုင်တယ်။ ထိုစဉ်အခါတုန်းက အိုင်စီအက်တွေ

ဟာ ဈေးကောင်းလို့ အမျိုးသားတွေကလည်း အိုင်စီအက်ဖြစ်အောင် ကြိုးစားကြတာပေါ့။ မောင်လေးဟာ အသိပညာဉာဏ် ကျယ်ဝန်းလာရင် စဉ်းစားမိမှာပဲ။ ပစ္စည်းရှိတဲ့ မိန်းကလေးကိုယူတဲ့ အမျိုးသားတစ်ယောက်ဟာ အလုပ်မလုပ်ဘဲနှင့် ထိုင်ပြီးစားလို့ ရရဲ့လား။ သို့မဟုတ် ထမင်း ၂ နပ်မှ ပိုလွန်ပြီး စားနိုင်ခဲ့သလား၊ သို့မဟုတ် နိုင်ငံအတွက် ဘာများ လုပ်နိုင်ခဲ့သလဲ။ လင်ယောကျ်ားဖြစ်လာရင် အိမ်ထောင်ဝန်ကို ထမ်းရမှာပဲ။ အမျိုးသားတွေကသာစပြီး ကြင်ယာရွေးချယ်မှုမှာ မူပြောင်းလိုက်ရင် အမျိုးသမီးတွေ မူပြောင်းလာမှာပဲ။ မဆလာ ကြိတ်ရောင်းတဲ့ မဒရာစီကုလားမကြီးတွေဟာ ငွေခြေချင်း၊ ငွေနားကပ်ကြီးတွေဝတ်လာတော့ မောင်လေး ညီမလေးများက မယဉ်ကျေးတဲ့ အိန္ဒိယအမျိုးသမီးတွေကို ရယ်ချင်ပေလိမ့်မယ်။ မြန်မာအမျိုးသမီးကလေးတွေ ရွှေခြေချင်းဝတ်တော့ ဘာအကြောင်းထူးသလဲ။ မောင်လေး ရွှေနှင့်ငွေသာ ခြားနားတာပဲ။ ရွှေခြေချင်းကြီးကို ဝတ်ထားမည့်အစား ရွှေရဲ့တန်ဖိုးကို နိုင်ငံသူနိုင်ငံသားနှင့် မိမိပါ အသိပညာတိုးပွားပြီး အကျိုးများမယ့်ကိစ္စကို ဆောင်ရွက်လိုက်ရင် လူရိုင်းစာရင်းထဲလည်း မပါ၊ တိုင်းပြည်မှာလည်း အကျိုးရှိနိုင်တာပဲ မဟုတ်လား။

မောင်လေး ဘုရားလောင်း မဟော်သဓာဟာ အမရာဒေဝီကို ရွေးချယ်ရာမှာ အလိမ္မာနှင့် ပိရိမှုကိုသာ အဓိကထားခဲ့တယ်။ ဒါကြောင့် အရေးရှိတိုင်း အကူအညီရတဲ့ဇနီးကို ရနိုင်ခဲ့တယ်။ မောင်လေး ယောကျ်ားဘဝကိုတောင် ရပြီးမှ မယားကောင်းစည်းစိမ်ကို မရချင်ရင် အလိမ္မာကိုမရှုဘဲ စိန်ပါတဲ့မိန်းမကိုသာ ရွေးချယ်ပေတော့။ ဒီလိုရွေးချယ်မိရင် သားမယားဂုဏ်မချို့ငဲ့အောင် ရှာဖွေလုပ်ကျွေးရင်းနှင့် ယောက္ခမထံမှပါတဲ့ စိန်တန်ဆာများ မပျောက်ပျက်အောင် စောင့်ရှောက်ရင်း အသက်ကုန်ရတော့မှာပဲ။ အလိမ္မာကိုသာ အဓိကထားပြီး ကြင်ရာကိုရွေးချယ်ရင် မောင်လေးတို့မှာ မိမွေဘမွေတစ်ပြားမှ မပါစေကာမူ သိန်းကုဋေချမ်းသာချင် ချမ်းသာနိုင်မည်။ သို့မဟုတ် ဖြစ်တတ်သမျှနှင့် ရောင့်ရဲတင်းတိမ်ပြီး နိုင်ငံကောင်းကျိုး ဆောင်ရွက်နိုင်မယ့် သားကောင်းသမီးကောင်းမိဘအဖြစ်ကိုလည်း ရနိုင်ပေလိမ့်မယ်။

မောင်လေးတို့ဟာ နှုတ်ကလည်း လိမ္မာတဲ့အမျိုးသမီးကိုမှ ထိမ်းမြားမယ်လို့ ကြေညာပြီး တကယ်တမ်းလည်း လိမ္မာတဲ့မိန်းကလေးတွေကိုသာ ရွေးယူကြရင် ပစ္စည်းရှိတဲ့ မိန်းကလေးရော၊ မရှိတဲ့မိန်းကလေးရော လိမ္မာအောင် ကြိုးစားကြလိမ့်မယ်ဆိုတာ ဒီဠှ မှတ်ယူစရာရှိပေတယ်။ မောင်လေးဟာ ပစ္စည်းပြည့်ဝ၊ ကျန်းမာလိမ္မာတဲ့အမျိုးသမီးကို ရနိုင်တာပဲ။ ဒီအခါမှာ မိခင် ဖခင်တွေကလည်း သမီးကလေးတွေကို စိန်မဆင်ရမှာမပူဘဲ မကျန်းမာမှာ၊ မလိမ္မာမှာပူပြီး လိမ္မာပိရိကျန်းမာအောင် ဂရုစိုက်သွန်သင်ညွှန်ကြားကြပေ

လိမ့်မယ်။ ဒါကြောင့် မောင်လေးစိတ်ထဲမှာ အမျိုးသမီးတွေပြုပြင်ဖို့ဟာ တို့တာဝန်ဖြစ်တယ် လို့ယူဆပြီး မောင်လေးတို့ရဲ့ လုပ်ရည်စွမ်းရည်သန်စွမ်းတဲ့ ခန္ဓာကိုယ်နှင့် မွန်မြတ်တဲ့စာရိတ္တတွေကို ပစ္စည်းနှင့်တန်ဖိုးဖြတ်ပြီး မလဲလှယ်ဘဲ အိမ်ထောင်တာဝန် ထမ်းဆောင်နိုင်ပြီး ကိုယ့်ပါရမီကို ကူညီဖြည့်စွက်နိုင်မယ့် ကြင်ရာတစ်ဦး၏ လက်သို့ ကျရောက်နိုင်ရန်သာ ကြိုးစားပါလို့ အစ်မကြီးက ညွှန်ကြားလိုက်ပါ တယ်။ ။

[၂၆]

# ယ ဉ် ကျေ း မှု

**မောင်လေး ...**

မိန်းကလေးတွေကို သတိထားဆက်ဆံဖို့ ယခင်စာများမှာ ဖော်ပြခဲ့တယ်။ ဒါပေမဲ့လို့ အစ်မကြီးတို့ မြန်မာနိုင်ငံက အမျိုးသမီးကလေးတွေ ပျက်စီးတဲ့ကိစ္စမှာ မြန်မာယောကျာ်းကလေးများရဲ့ ပယောဂဟာ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ပါဝင်တယ်ဆိုတာကို မောင်လေးတို့ ဝန်ခံရပေမယ်။ အမျိုးသမီးကလေးတွေဟာ သဘာဝအားဖြင့် ချုပ်တည်းနိုင်တယ်။ ပြစ်မှုကို စတင်ပြီး ကျူးလွန်ဝံ့သူများ မဟုတ်ကြဘူး။ ဒါပေမဲ့လို့ ဖြားယောင်းသွေးဆောင်ရာမှာ စိတ်ပျော့ပြီး ပါလွယ်တတ်ကြတယ်။ မိန်းကလေးများ စိတ်ပျော့တယ်ဆိုတဲ့အချက်ကို ယောကျာ်းကလေးတိုင်းက သိရှိကြတယ်။ အချို့ယောကျာ်းကလေးများဟာ အချို့အမျိုးသမီးများကို မိမိတို့နှင့် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံရေးထိအောင် မတွေးတောဘဲ မိမိတို့ တွေ့ခိုက်မြင်ခိုက်တွင် အမျိုးသမီးကလေးများကို ချစ်ဟန်ခင်ဟန် သွေးဆောင်ဖျက်ဆီးပြီးနောက် မိမိတို့နှင့် မျိုးရိုးဇာတိ ကိုက်ညီသူများနှင့်သာ အတည်ယူ ပေါင်းသင်းတတ်ကြတယ်။ ဒီလို အမျိုးသားကလေးများကို ယုံစားပြီး ချစ်မိခင်မိသူမိန်းကလေးများဟာ စွန့်ပစ်ခြင်းခံရတဲ့အခါမှာ စိတ်အပျက်ကြီးပျက်ထင်ရာစိုင်းပြီး လူမျိုးခြားနှင့် လက်ထပ်သူထပ်၊ ကြေးစားဘဝ ရောက်ရှိသွားသူလည်း မရှား၊ ဖြစ်ချင်တိုင်း ဖြစ်ကြရတာတွေ အများအပြားရှိတာဟာ မောင်လေးတို့ မြန်မာအမျိုးသားတွေအပြစ်ဆိုတာ ဝန်ခံရပေမယ်။

မောင်လေး၊ လူတွေဟာ မျောက်တွေက တဖြည်းဖြည်းဆင်းသက်လာတယ်ဆိုတဲ့ယူဆချက်ကို အစ်မကြီးတို့ မငြင်းပယ်သင့်သေးဘူး။ **မယဉ်ကျေးတဲ့သူများရဲ့ အပြုအမူဟာ တိရစ္ဆာန်များရဲ့အပြုအမူနှင့် သိပ်ပြီးမခြားနားဘူး။** အစ်မကြီးတို့ သတ္တဝါ

တစ်စုဟာ တိရစ္ဆာန်တွေထက်ကို ယဉ်ကျေးလို့ လူဆိုတဲ့အမည်ကို တပ်ခဲ့ရပြီ။ အဲဒီ လူထဲမှာ အစ်မကြီးတို့ဟာ အဆောဆုံးယဉ်ကျေးကြတဲ့ လူစုထဲမှာပါဝင်တယ်။ ဗုဒ္ဓဘာသာ မြန်မာထုံးစံအရ အရွယ်ရောက်ပြီး မထိမ်းမြားသမျှ ယောကျ်ားနှင့်မိန်းမဟာ အစွမ်းကုန် လွတ်လပ်စွာ မနေထိုက်၊ မနေထိုင်သင့်ပေဘူး။ မောင်လေးတို့ယောကျ်ားများဟာ မိန်းကလေး များထက် အင်အားတောင့်တင်းတော့ မည်သည့်ကိစ္စမျိုးကိုမဆို စိတ်မိုက်စိတ်ရိုင်းဝင်လာရင် အနိုင်ယူချင်ကြတယ်။ **မောင်လေးဟာ ယဉ်ကျေးသလား၊ တရားသလား၊ မိဘ၊ နှမ၊ သားချင်းကို ချစ်သလား၊ ယဉ်ကျေးချစ်ခင် စာနာရင် မောင်လေးသည် မြန်မာအမျိုးသမီးကလေးများကို မိဘ သို့မဟုတ် တရားနည်းလမ်းအရ မထိမ်း မြားရဘဲ မစော်ကားမညှဉ်းပန်း မနှိပ်စက်ပါလေနှင့်။ စိတ်ပျော့သောသူ၊ အား နည်းသူဟူသမျှသည် သူယုတ်မာတို့ ဖြားယောင်းသမျှကို ခံရမည်ချည်းဖြစ်တဲ့ အတိုင်း ကူညီစောင့်ရှောက်မှ တရားပေမည်။** မောင်လေးတို့ အစ်မကြီးတို့ဟာ တိရစ္ဆာန်က ဆင်းသက်သော သတ္တဝါများဖြစ်ကြသော်လည်း တိရစ္ဆာန်အစားများ မစား တော့။ တိရစ္ဆာန်အရေမရှိတော့။ လူစာကိုစားပြီး လူနှင့်ထိုက်တန်သော အဝတ်အစားများကို ဝတ်နေပြီဖြစ်သဖြင့် မောင်နှမ သားအမိ သားအဖ ခွဲခြားမသိသော တိရစ္ဆာန်အလေ့အထကို စွန့်ပစ်ပြီး လူ့ယဉ်ကျေးမှုဖြင့် လူကျင့် ကျင့်ကြံကြပါစို့၊ သို့မှသာ မောင်လေးတို့သည် မြန်မာ့သားကောင်း ပီသလေတော့မည်။

အချို့ဝတ္ထုရေးဆရာများက ယောကျ်ားနှင့်မိန်းမ အလွန်အမင်း လွတ်လပ်စွာနေထိုင် မှုကို အားပေးရေးထားခြင်း၊ မိန်းမနှင့်ယောကျ်ားအတွေ့ကိုမလွန်ဆန်နိုင်၍ ဖြစ်ပျက် ကြပုံများ ရေးထားခြင်းတွေကို မောင်လေး ဖတ်မိလိမ့်မယ်။ ဒါတွေဟာ အားကျစရာ ကိစ္စမဟုတ်ပေဘူး။ **သူတို့ဟာ ယဉ်ကျေးမှုကို ဂရုမပြု၊ လူရိုင်းစိတ်မကုန်ကြသေး** လို့ လူ့ထုံးစံကို မလိုက်နာကြခြင်းပဲလို့သာ မောင်လေး ယူဆပါ။ ဝတ္ထုရေးဆရာ ဖန်တီးလိုက်သော ဇာတ်လိုက်မင်းသားက ဝတ္ထုရေးဆရာမွေးထုတ်လိုက်သော ဇာတ် လိုက်မင်းသမီးကလေးကို အနိုင်ယူလိုက်သော်လည်း သူ့ဝတ္ထုကို တိုင်းပြည်နှစ်ခြိုက် အောင် သူဖန်တီးနိုင်၍ အရေးမကြီး။ မောင်လေးနားယောင်၍ ထိုဇာတ်လိုက်ကဲ့သို့ ကျင့်ကြံမိပါက မောင်လေးဇာတ်ကို မောင်လေး မစီးနိုင်ရင် အမျိုးသမီးကလေးများ ဒုက္ခရောက်ချေတော့ မည်။

မောင်လေး ဒါကြောင့် စီးပွားဖြစ် စာရေးသူများက လူငယ်တွေကို မိုက်အားပေး၊ စိတ်ကြိုက်လိုက်ပြီး ဘာပဲရေးရေး၊ မောင်လေး အားမကျပါနှင့်။ **မောင်လေးသည် မြန်မာလူငယ်ဖြစ်၏။ မြန်မာသည် ယဉ်ကျေး၏။ မြန်မာအမျိုးသမီးကလေးများ**

**အပေါ်ကို ယဉ်ကျေးစွာပြုမှ မောင်လေး မြန်မာ့သားကောင်းပီသဝေလိမ့်မယ်** ဆိုတာကို မြန်မာအမျိုးသမီးကလေးများကိုယ်စား အစ်မကြီး သတိပေးခဲ့ချင်တယ်။ အချို့ယောကျ်ားကလေးများဟာ ဘာပဲဖြစ်ဖြစ် မိန်းမကိုသာ အပြစ်ဖို့တတ်ကြတယ်။ မောင်လေး ကိုယ့်ထက်ငယ်တဲ့ ကလေးတစ်ယောက်ကိုချော့ပြီး အမြင့်ကခုန်ချခိုင်းလို့ ကလေးဟာ အမြင့်ကကျပြီး ခြေကျိုးရင် ကလေးအပြစ်လား၊ စေခိုင်းသူအပြစ်လား။

အမျိုးသမီးကလေးတွေဟာ အားနည်းစိတ်ပျော့ပြီး သွေးဆောင်ရာ ပါတတ်သည်ဆိုတဲ့အချက်ကို အတည်ထားပြီး **မောင်လေးဟာ ကောင်းမွန်မြင့်မြတ်ရာသို့သာ သွေးဆောင်တတ်တဲ့ မြန်မာ့သားကောင်းစစ်စစ် ဖြစ်ပါစေဆိုတာ** အစ်မကြီး ဆုတောင်းလျက်ရှိတယ်။ ။

[၂၇]

# ဆုတောင်း

**မောင်လေးတို့ ...**

အစ်မကြီးဟာ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ ရောပြွမ်းနေတဲ့ လောကဇာတ်ခုံကြီးပေါ်မှာ ယောကျ်ားကလေးရယ်လို့ မိဘကအားထားခြင်းခံရတဲ့ သားကောင်းကလေးဖြစ်လာအောင် သိစရာမှတ်စရာ ကျင့်ကြံစရာကလေးတွေကို အဆန်းမဟုတ်သော်လည်း မောင်လေးတို့ သိချင်တဲ့အတိုင်း အစ်မကြီး အနည်းငယ်စီ ဖော်ပြခဲ့ပြီ။ မောင်လေးဟာ **အဖ မြန်မာ နိုင်ငံကြီးရဲ့ အဘကောင်း သားကလေးတစ်ယောက်ပေပဲ။ မောင်လေးရဲ့ အဖ နိုင်ငံကြီးဟာ ယဉ်ကျေးတယ်။ ချမ်းသာတယ်။ တရားမွန် တရားမြတ်တွေ သိတယ်။** လောကမှာ အဘကောင်းသားတွေ ပေါများနိုင်ပေမဲ့လို့ သားကောင်းဖခင် ရှာမှရှားကြောင်းသိရတယ်။ ဒါကြောင့် မောင်လေးဟာ အလွန်ဖြစ်ခဲသော အဖကောင်း၏ သားကောင်းအဖြစ်ကို ခံယူနိုင်ပါစေလို့ အစ်မကြီး ဆုတောင်းမိတယ်။

အစ်မကြီးသည်လည်း ယခုဘဝတွင် မိန်းမဘဝပင်ဖြစ်လင့်ကစား မောင်လေးတို့အား ကူညီနိုင်သည်အထိ အသက်ရှင်နေရသဖြင့် အစ်မကြီးဝမ်းမြောက်မိ၏။ အစ်မကြီး ရေးသမျှသော စာကလေးများသည် မောင်လေး၏ လက်တွေ့လောကတွင် အထောက်အပံ့ဖြစ်သော်ကား အစ်မကြီး ပိုမို၍ ကျေနပ်ရတော့မည်။ ထို့ထက် မောင်လေးသည် အစ်မကြီး၏ စာများကိုဖတ်တိုင်း **ငါတို့အစ်မကြီးသည် နောင်တမလွန်တွင် နိုင်ငံအကျိုး၊ ဆင်းရဲသားကောင်းကျိုးကို ယခုထက် ပိုမိုဆောင်ရွက်နိုင်သော ဘုရားဆုပန် ယောကျ်ားဖြစ်ပါစေဟု သတိရတိုင်း ဆုတောင်းပေးသော်ကား အစ်မကြီး ရည်ရွယ်ချက် ပြည့်စုံပြီဖြစ်၍ အတိုင်းမသိ ဝမ်းမြောက်ရပေတော့အံ့။** ။

**မြန်မာ့သားကောင်း ဝီသကြပါစေ။**

ရောဂါပျောက်ကင်းစေသော ဆေးဝါးတို့မည်သည် ခါးသောအရသာ ရှိတတ်သည်ဖြစ်၍ သကြားဖြင့် ဖုံးအုပ်ထားရန် လိုအပ်သည့်နည်းတူ လိမ္မာရေးခြားရှိမှုအတွက် ညွှန်ကြားဆုံးမရသော ဩဝါဒစကားတို့ မည်သည်မှာလည်း ကြားရသောသူတို့၏နား၌ ပျင်းရိဖွယ်ကောင်း သဖြင့် ခါးသောအရသာရှိသည်ဟု ဆိုရပေမည်။ သို့ရာတွင် ဤစာအုပ် ငယ်၌ ဖော်ပြပါရှိသော ဆုံးမဩဝါဒစကားများမှာ အလွန်တရာ အလိုလိုက်၍ အလိုက်သိတတ်သော အစ်မကြီးတစ်ယောက်သည် ချစ်လှစွာသော မောင်ကလေးအား ချော့မော့ဖျောင်းဖျ၍ သိမ်မွေ့သာ ယာ လွန်စွာနားဝင်ချိုစေသော စကားလုံးတို့ဖြင့် ရွေးချယ်သုံးနှုန်းထား သည်ဖြစ်သောကြောင့် သကြားဖုံးသော ဆေးလုံးပမာကဲ့သို့ သောက် သုံးသူတို့သည် မလိုက်နာဘဲမနေချင်အောင် ရှိနေပေတော့သည်။ ဤ စာအုပ်ကို ဝယ်ယူဖတ်ရှုသော လူငယ်များမှာ ခေတ်မီ၍ အမြင်ကျယ် သော အစ်မကောင်းတစ်ယောက် ရရှိထားဘိသကဲ့သို့ မိမိတို့၏ တစ် သက်တာ၌ ကြုံတွေ့ရသည့် ခဲရာခဲဆစ်တို့ကို တိုင်ပင်နှီးနှောသံမှု ပြုနိုင်ခွင့်ရှိကြပေသည်။

"လူတော်နှင့်လူကောင်း" အခန်းတွင်ဖော်ပြပါရှိသည့်အတိုင်း လူတို့မည်သည် လူတော်ဖြစ်ရုံနှင့် မလုံလောက်ဘဲ လူကောင်းဖြစ်စေမှု အတွက်ကိုလည်း အမြဲရည်ရွယ်ထားကြရမည်ဖြစ်ရာ စာအုပ်တွင် ပါရှိ သော ဩဝါဒများသည်ကား "တော်"မှုရော "ကောင်း"စေမှုပါ စွယ်စုံ ရည်မှန်းထားသည့်ပြင် ၎င်းအတိုင်း လိုက်နာခြင်းအားဖြင့် လောကီရော သံသရာပါ နှစ်ဖြာသောအကျိုးကို ပြီးစီးစေလိမ့်မည်ဟူ၍ ရဲဝံ့စွာ ထောက်ခံချီးကျူးလိုက်ရပါ သတည်း။ ။

ရွှေဥဒေါင်း

DYK0006
1,300.00 KS